# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၅၁)၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ၂၃-၁၁-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် (၁၈)ကြိမ်မြောက် ပန်းပွဲတော်တွင် ပန်းအလှဆင်ပြကွက်အသစ်များဖြင့် ထူးခြားစွာ ကျင်းပမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၂၂**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် (၁၈) ကြိမ်မြောက် ပန်းပွဲတော်ကို လာမည့် ဒီဇင်ဘာ ၆ ရက်မှ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းပွဲတော်ကို "IMMERSIVE FLOWERS FESTIVAL" ဟု အမည်ပေးထားပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်အထိ ရက်ပေါင်း ၃၀ကြာ တစ်လတိတိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ထို့ပြင် ယခင်နှစ်များက ပန်းပွဲတော်နှင့်မတူညီသည့် ပန်းအလှဆင်ပြကွက်များ၊ ပန်းအမျိုးအစားများကို ဖော်ထုတ်ပြသရန် စီစဉ်ထားသည်။

ပန်းပွဲတော်ကာလအတွင်း နိုင်ငံကျော် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုနှင့်အတူ နေ့စဉ်ဖျော်ဖြေတင်ဆက်မှုများ၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များအပြင် ထူးခြားသော အစီအစဉ်များကိုလည်း ထည့်သွင်းထားသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက်ပန်းပွဲတော်၌ ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်း၊ ပြည်ပ ပန်းမျိုးစိတ်မျိုးစုံတို့အပြင် ဒေသပန်းမျိုးများ ပြသသည့် ဇုန် ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ်၂၀ မှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ မျိုး ၂၀ တို့ဖြင့် စုစုပေါင်း ပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။

**ရွှေမန်း**

၀-၀-၀-၀-၀



**ယနေ့ ဖတ်စရာအညွှန်း**


မာတိနက်ဇ်ကို ခေါ်ယူရန် အင်တာမီလန်အသင်း စိတ်ဝင်စား

စာမျက်နှာ ၁၁

— — — — —

သတ္တဝါတိုင်းမှာ အာဟာရမရှိလို့ မဖြစ်ပါ (ဆောင်းပါး)

စာမျက်နှာ ၁၃

— — — — —

ရာနှင့်ချီသည့် ကားမော်ဒယ်သစ်များဖြင့် လော့စ်အိန်ဂျလိစ် ကားပြပွဲ ဖွင့်လှစ်

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် ၁၇း၃၀ နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြား အနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၂၄-၁၁-၂၀၂၅ ရက်နေ့တွင် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၂၃ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး

## ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ကဏ္ဍအလိုက် ငါးနှစ်စီမံကိန်း(၂၀၂၆-၂၀၃၀)ကို လုပ်ငန်းစဉ်၊ မျှော်မှန်းချက်၊ စာရင်းအင်းတိကျမှန်ကန်ရေးကိစ္စရပ်များ ထည့်သွင်း၍ ပြင်ဆင်ရေးဆွဲဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါး၊ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်လေးရပ်ကို အခြေခံ၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ အမျိုးသားစီမံကိန်းနှင့် နှစ်အလိုက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-Based Industries) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဦးစားပေးဖိတ်ခေါ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ရုံးအမှတ်(၁)အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးကြရန်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ရပ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ ဒေသတွင်း အဖွဲ့အစည်းများဖြစ်သော အာဆီယံ၊ GMS၊ ACMECS အဖွဲ့အစည်းများနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးဖြင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် မိတ်ဖက်နိုင်ငံများ ရှာဖွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည့် အလားအလာရှိသော မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာအကူအညီ ထောက်ပံ့မှုများနှင့် စပ်လျဉ်း၍ ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးသန့်စင်လွင်က စီးပွားရေးအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ယုံကြည်အားကိုးရသည့် ဌာနအဖွဲ့အစည်းတစ်ခုဖြစ်စေရန်အတွက် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ နိုင်ငံတကာနှင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေး ဆောင်ရွက်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ လျင်မြန်လွယ်ကူချောမွေ့စေရေး သက်ဆိုင်ရာဌာနများအလိုက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်ခရိုင်အတွင်းရှိ ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာ ခြောက်ရွာတွင် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာခြောက်ရွာတွင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီ အရောင်းဆိုင်များမှ ပြည်သူများ စားသုံးဆီဖူလုံရေး စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချရာ၌ ပလိပ်မြို့နယ်(ခွဲ)တွင် ဦးကျော်ဆွေဝင်း(ငွေပင်လယ်)စားသုံးဆီအရောင်းဆိုင်မှ ဈေးဟောင်းရပ်ကွက်၊ ကွက်သစ်ရပ်ကွက်နှင့် ညောင်ပင်သာကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၃၃၀၊ ဦးအောင်မြင့်(ကျော်ကျော်မင်း) စားသုံးဆီအရောင်းဆိုင်မှရွာတော်ကျေးရွာ၊ အနောက်အင်းလျားကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၂၂၀၊ ကျောက်ဆည်မြို့တွင် ဒေါ်သက်သက်မွန်(အနန္တဂုဏ်ရည်)စားသုံးဆီအရောင်းဆိုင်မှ ပျားကျေးရွာနှင့် ပတောက်တက်ကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၁၁၀၊ မြစ်သားမြို့တွင် ဒေါ်ဇာဇာအေး(ဒေါ်ဇာ) စားအုန်းဆီအရောင်းဆိုင်မှ လောင်းတော်ဦးကျေးရွာ ပြည်သူများအား စားအုန်းဆီ ၂၈၈ ပိဿာတို့ကို အသီးသီးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## စဉ့်ကိုင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ အဆောက်အအုံသစ် ဆောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ထန်းသုံးပင်ကျေးရွာ၌ ကျေးရွာဘက်စုံသုံး ခန်းမ အဆောက်အအုံသစ် ၉၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ ကျေးရွာဘက်စုံသုံးခန်းမအား လုပ်ငန်းအရည်အသွေး ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာ၌ ဆောက်လုပ်နေသည့် အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ အဆောက်အအုံကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မှ ရန်ပုံငွေကျပ် ၁၅ သန်း၊ Smart Village စီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၉၉ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆၂ ဒသမ ၅၁ သန်းတို့ကို အသုံးပြု၍ ယခုနှစ် အောက်တိုဘာ ၃ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက ပြောသည်။

**ရဲဝင်းနိုင်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးမည်ဖြစ်သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၂၄ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၁၉လမ်း ၈၉လမ်းနှင့် လမ်း၉၀ကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၁၁၄လမ်း ၄၅ လမ်းနှင့် ၄၆လမ်းကြားတွင် လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်၊ ၆၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉ လမ်းနှင့် လမ်း၆၀ကြားတွင် လည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက် တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉လမ်းနှင့် လမ်း၆၀ထောင့်၊ ဘောလုံးကွင်းရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားတွင်လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅ လမ်းနှင့် ၇၆လမ်းကြားတွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

ရွေးကောက်ပွဲကျင်းပရန်
၃၅
ရက်
သာ လိုတော့သည်။

# နေပြည်တော် - မန္တလေး ရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်းအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၂

နေပြည်တော် - မန္တလေး ရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်း အသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘူတာကြီး အမှတ်(၁)စင်္ကြံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်းအမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံမိဘပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်း အသုံးပြု၍ လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက ပြည်ထောင်စုဝန်ကြီးအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘက်ထရီလျှပ်စစ်စက်ခေါင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ (အပေါ်ပုံ) အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်ဖျော်ဖြေပေးကြသည့် ကျောင်းသား ကျောင်းသူများ ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့၊ ရှမ်းအိုးစည်အကအဖွဲ့နှင့် ဒိုးပတ်ဝိုင်းအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ပြီး အမှတ် (၂၇) အဆန် နေပြည်တော်- မန္တလေးရထားဖြင့် စီးနင်းလိုက်ပါကြမည့် ခရီးသွားပြည်သူများကို လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များပေးအပ်ပြီး အဆိုပါရထားဖြင့် လိုက်ပါစီးနင်းကြသည်။

အလားတူ မန္တလေးဘူတာကြီး စင်္ကြံအမှတ်(၁)တွင် အမှတ်(၂၈) အစုန် မန္တလေး-နေပြည်တော် ဘက်ထရီလျှပ်စစ်စက်ခေါင်း အသုံးပြု၍ လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘက်ထရီလျှပ်စစ်စက်ခေါင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေး၍ မန္တလေးမှ နေပြည်တော်သို့ ရထားစီးနင်းလိုက်ပါကြမည့် ခရီးသည်များကို လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ အဆိုပါ အမှတ်(၂၈) အစုန်ရထားသည် ခရီးဆုံး နေပြည်တော်ဘူတာသို့ ယနေ့နံနက် ၁၁ နာရီတွင် ဆိုက်ရောက်ခဲ့ရာ ရထားပေါ်စီးနင်းလိုက်ပါလာကြသည့် ခရီးသည်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

အမှတ်(၂၇) အဆန်/(၂၈)အစုန် ဘက်ထရီလျှပ်စစ်စက်ခေါင်းသုံး ခေတ်မီ လေအေးပေးစက်ပါ ရထားတွဲဆိုင်းတွင် ရိုးရိုးတန်း နှစ်တွဲ၊ လေအေးပေးစက်ပါ အထက်တန်း နှစ်တွဲ၊ ဘရိတ်တွဲတစ်တွဲ၊ စုစုပေါင်း တွဲငါးတွဲဖြင့် ခရီးသည် ၂၃၈ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး အမှတ်(၂၈) အစုန်ရထားသည် မန္တလေးမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ နေပြည်တော်သို့ ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ အမှတ် (၂၇)အဆန်ရထားသည် နေပြည်တော်မှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာပြီး မန္တလေးသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေးမှ ရန်ကုန်သို့ ဆက်လက်စီးနင်းလိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် နေပြည်တော်-ရန်ကုန်အကြား ပြေးဆွဲပေးနေသော နေပြည်တော်မှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာသည့် (၈)အစုန် ခေတ်မီ DEMU ရထားတွဲဆိုင်းများဖြင့်လည်းကောင်း၊ ရန်ကုန်မှ နံနက် ၆ နာရီတွင် ထွက်ခွာလာသည့် အမှတ် (၃၁) အဆန် DEMU ရထားတွဲဆိုင်းဖြင့် လိုက်ပါလာသည့် ခရီးသည်များ အနေဖြင့် မန္တလေးသို့ အမှတ်(၂၇)အဆန်ရထားဖြင့် လည်းကောင်း တွဲကူးပြောင်း၍ ဆက်လက်စီးနင်းလိုက်ပါနိုင်ကြောင်း သိရသည်။

အမှတ်(၂၇)အဆန်/(၂၈)အစုန်ရထား၏ မန္တလေး-နေပြည်တော်အကြား ခရီးသွားလက်မှတ်ခအနေဖြင့် တစ်ဦးလျှင် ရိုးရိုးတန်းမှာ ငွေကျပ် ၁၅၀၀၀ နှင့် လေအေးပေးစက်ပါ အထက်တန်းမှာ ငွေကျပ် ၂၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်းနှင့် နေပြည်တော် - ရန်ကုန်အကြား အမှတ်(၇)အဆန်/ (၈)အစုန်နှင့် အမှတ်(၃၁)အဆန်/(၃၂)အစုန် DEMU ရထားများ၏ ခရီးသွားလက်မှတ်ခအနေဖြင့် တစ်ဦးလျှင် ပထမတန်းမှာ ငွေကျပ် ၁၉၀၀၀ နှင့် အထက်တန်းမှာ ငွေကျပ် ၂၈၀၀၀ ဖြစ်ကြောင်း၊ ခရီးသည်များအနေဖြင့် ရန်ကုန်-မန္တလေးနှင့်မန္တလေး-ရန်ကုန် ခရီးစဉ်အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပြီး ပထမတန်း/ ရိုးရိုးတန်းမှာ ငွေကျပ် ၃၄၀၀၀ နှင့် အထက်တန်းမှာ ငွေကျပ် ၄၈၀၀၀ ဖြစ်ကြောင်း သိရသည်။

### ဆက်လက်ဆောင်ရွက်နေပြီဖြစ်

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ မြန်မာ့မီးရထားက လက်ရှိ မြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းခြောက်ခေါင်းကို ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotive - BEL)အဖြစ် ပြောင်းလဲတည်ဆောက်ရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရေးပေါ်ရန်ပုံငွေမှ သုံးစွဲခွင့်ရရှိခဲ့ပြီး စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၊ နေပြည်တော်တွင် ပြောင်းလဲတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထပ်မံ၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း မြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ် စက်ခေါင်း ခြောက်ခေါင်းကို အလားတူ ဘက်ထရီလျှပ်စစ်စက်ခေါင်း- BEL အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာသက်န်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး နိုဝင်ဘာ ၂၂**

အမရပူရခရိုင်၊ အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက စွယ်တော်မြတ်စေတီတော်ရင်ပြင်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရက်ကန်းပညာရှင်များ၊ စက်ချုပ်ပညာရှင်များ၊ လုပ်အားဒါနပြုကြသူများ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် ဗုဒ္ဓမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြပြီးနောက် အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဘာသာရေးယဉ်ကျေးမှုအမွေအနှစ်များ မပျောက်မပျက်အောင်နှင့် မြန်မာ့ရိုးရာလက်မှုပညာ တိမ်မြုပ်ပျောက်ကွယ်မသွားစေရန် ယခုလို ရွှေကြာသင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲမျိုးကို ဖော်ထုတ်အားပေးကာ စဉ်ဆက်မပြတ် ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ မွန်မြတ်သည့် ကုသိုလ်မျိုးကို ဆောင်ရွက်ခွင့်ရသည့်အပြင် ဘာသာရေးအမွေအနှစ်များ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာ သင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲ အထိမ်းအမှတ် ရွှေမိုးငွေမိုးများ ရွာသွန်းပေးခဲ့သည်။



ဆက်လက်၍ စွယ်တော်မြတ်စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်၍ ရင်ပြင်တော်တွင် ဘုရားဖူးလာပြည်သူများနှင့်အတူ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြပြီး ဝတ်အသင်းများမှ ဝတ်ရွတ်ပူဇော်နေမှုများနှင့် ရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်းနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## လျှပ်စစ်စွမ်းအင်အစားထိုးလည်ပတ်မည့် ဆီစက်များမှ ချေးငွေလျှောက်ထားနိုင်

**မန္တလေး နိုဝင်ဘာ ၂၂**

ဆီစက်လုပ်ငန်းများတွင် လျှပ်စစ်စွမ်းအင်အစားထိုး (Solar Power Plant)များ ဝယ်ယူ၍ လည်ပတ်နိုင်ရန် ငွေကြေးလိုအပ်ချက်ရှိပါက ချေးငွေလျှောက်ထားနိုင်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ သိရသည်။

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးချေးငွေ (မတည်ရင်းနှီးငွေ Fix Capital )အတွက် ချေးငွေတင်ပြသည့်အခါ ငွေကြေးလိုအပ်ချက်ကို တင်ပြရမည်ဟု ဆိုသည်။

"ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ရန်ပုံငွေအတွက် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေထဲမှ ငွေကျပ် ဘီလီယံ ၅၀ ကို ကနဦး မတည်ထည့်ဝင်ထားပါတယ်။ လိုအပ်လာရင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တစ်ဆင့် ထပ်မံတင်ပြတောင်းခံခွင့်ရှိပါတယ်"ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းသုံးလည်ပတ်ရင်းနှီးငွေအတွက် အနည်းဆုံး ငွေကျပ် ၁၀ သန်းမှ အများဆုံး ငွေကျပ် သန်း ၅၀၀ ထိကို ချေးငွေသက်တမ်း တစ်နှစ်၊ မတည်ရင်းနှီးငွေအတွက် အနည်းဆုံး ငွေကျပ် သန်း ၂၀ မှ အများဆုံးငွေကျပ် သန်း ၅၀၀ အထိ ချေးငွေအတွက် သက်တမ်း သုံးနှစ် သတ်မှတ်ထားကြောင်း သိရသည်။

"ချေးငွေများအပေါ် တစ်နှစ်ကို ၅ ရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးမှာဖြစ်ပြီး သုံးလတစ်ကြိမ် အတိုးပေးသွင်းရမှာပါ။ အရင်းပြန်ဆပ်ဖို့ သတ်မှတ်ကာလကျော်လွန်တဲ့ ချေးငွေတွေအပေါ် တစ်နှစ်ကို အတိုးနှုန်း တစ်ရာခိုင်နှုန်း ပေးသွင်းရမှာဖြစ်ပြီး အတိုးပေးဆပ်ဖို့ ပျက်ကွက်ရင် အတိုးအပေါ် တစ်နှစ်ကို စာရင်းပိတ်ထုတ်ချေးငွေ အတိုးနှုန်းအတိုင်း ပျက်ကွက်ကြေးအဖြစ် ကောက်ခံသွားမယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ဆီစက်အကြီးများ၊ ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် စက်အသစ် တည်ဆောက်ခြင်းနှင့် တိုးချဲ့တပ်ဆင်ခြင်းများတွင် ချေးငွေပမာဏကို ငွေကျပ် သန်းတစ်ထောင်အတွက် ချေးငွေ သက်တမ်း သုံးနှစ်အထိ ရယူနိုင်ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်-၉)**

## ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် ရပ်ကွက်ရွှေကောက်ပွဲကော်မရှင်အဖွဲ့များ ပညာပေးသင်တန်း ဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးခရိုင် ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် ရပ်ကွက်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား ပညာပေးသင်တန်းကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ ၂၂၊ ၂၃၊ ၂၄ ရက်တို့တွင် သုံးရက်တိုင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသက်ဆွေဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်က ရွှေးကောက်ပွဲကာလတွင် လုံခြုံရေးစီမံခန့်ခွဲမှု သိကောင်းစရာအကြောင်းအရာများ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်(၂) ဦးနန္ဒက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ တာဝန်နှင့် လုပ်ငန်းအကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးလင်းထက်ကျော်က လွှတ်တော်ရွှေးကောက်ပွဲဥပဒေများအကြောင်း၊ မြို့နယ်ရွှေးကောက်ပွဲအရာရှိ ဒေါ်စုလှဲ့ရည်ထွေးက မဲပေးစက်အစိတ်အပိုင်းများနှင့် ကိုင်တွယ်အသုံးပြုနည်းများလည်းကောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မန္တလေးခရိုင် ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် သင်တန်းများပေးအပ်နေမှု အခြေအနေများကို လည်းကောင်း၊ မဲရုံများတွင် မဲစာရင်းကပ်ထားမှု အခြေအနေနှင့် မဲစာရင်းလာရောက်ကြည့်ရှုသူများ အဆင်ပြေစေရန်အတွက် စနစ်တကျမဲစာရင်းများကို ကပ်ထားခြင်း ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းများဖြင့် မန္တလေး-နေပြည်တော်-မန္တလေးခရီးစဉ် ပြေးဆွဲသည့်အစီအစဉ် စတင်ခြင်းအခမ်းအနားသို့ တက်ရောက်










**မန္တလေး နိုဝင်ဘာ ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ မန္တလေး-နေပြည်တော်-မန္တလေးခရီးစဉ်များကို ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာ့မီးရထား မန္တလေးဘူတာကြီး အမှတ်(၁)စင်္ကြံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်လာစေရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကို တိုးတက်ကောင်းမွန်အောင် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်နေပါကြောင်း၊ ယခု မန္တလေး-နေပြည်တော်လမ်းပိုင်းတွင် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းများစတင်ပြေးဆွဲပေးနိုင်ခြင်းသည် ခရီးသွားပြည်သူများ သက်တောင့်သက်သာသွားလာနိုင်အောင် ဝန်ဆောင်မှုမြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းသာမက ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုပါကြောင်းနှင့် ပို့ဆောင်ရေးလုပ်ငန်း ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အားလုံးဝိုင်းဝန်းကာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများဖြည့်တင်း၊ ထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းနှင့် ရထားတွဲဆိုင်းများ ပြေးဆွဲပေးနိုင်ခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ပြောကြားပြီးနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက မန္တလေး-နေပြည်တော်-မန္တလေးခရီးစဉ်များကို ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး လေအေးပေးစက်ပါလေအိတ်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် ရှမ်းအကအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့သည်။

၄င်းနောက် ရထားဖြင့် လိုက်ပါစီးနင်းကြသည့် ခရီးသွားပြည်သူများအား ရင်းနှီးနွေးထွေးစွာလိုက်လံနှုတ်ဆက်ပြီး လန်းဆန်းစာများနှင့် အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်ဘူတာအထိ ခရီးသွားပြည်သူများနှင့်အတူ လိုက်ပါစီးနင်းခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါလေအိတ်ရထားတွဲဆိုင်းဖြင့် နေပြည်တော်ဘူတာသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ယခု မန္တလေး-နေပြည်တော်-မန္တလေးလမ်းပိုင်း ခရီးစဉ်ပြေးဆွဲသည့် လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းတွင် ပထမတန်းလေအိတ် လူစီးတွဲနှစ်တွဲ၊ လေအေးပေးစက်ပါ အထက်တန်းလေအိတ် လူစီးတွဲနှစ်တွဲနှင့် လေအိတ်ဘရိတ်တွဲ တစ်တွဲ စုစုပေါင်း တွဲငါးတွဲဖြင့် ခရီးသည် ၂၄၆ ဦး လိုက်ပါစီးနိုင်မည်ဖြစ်ကြောင်း၊ လက်မှတ်ခနှုန်းထားများမှာ မန္တလေး-နေပြည်တော်၊ နေပြည်တော်-မန္တလေး ခရီးစဉ်အတွက် ပထမတန်း ငွေကျပ် ၁၅၀၀၀ နှင့် အထက်တန်း ငွေကျပ် ၂၀၀၀၀၊ မန္တလေးမှ ရန်ကုန်သို့ ပထမတန်း ငွေကျပ် ၃၄၀၀၀ နှင့် အထက်တန်း ငွေကျပ် ၄၈၀၀၀ ဖြစ်ပြီး မိမိတို့ သွားလိုသည့် ခရီးစဉ်အတွက် သုံးရက်ကြိုတင်၍ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ အမှတ်(၂၈)အစုန် လေအေးပေးစက်ပါ လေအိတ်ရထားမှာ မန္တလေးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ နေပြည်တော်ဘူတာသို့ နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး ရန်ကုန်သို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် အမှတ်(၈)အစုန် ခေတ်မီ DEMU ရထားဖြင့် ဆက်လက်လိုက်ပါနိုင်၍ ရန်ကုန်ဘူတာသို့ ညနေ ၅ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ နေပြည်တော်-မန္တလေးခရီးစဉ်တွင် အမှတ်(၂၇) အဆန် လေအေးပေးစက်ပါလေအိတ်ရထားသည် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေး-နေပြည်တော် ခရီးစဉ်တစ်လျှောက် ကျောက်ဆည်၊ သာစည်၊ ပျော်ဘွယ်နှင့် တပ်ကုန်းဘူတာလေးခု၌သာ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ခရီးစဉ်အစအဆုံးပြေးဆွဲချိန် ငါးနာရီသာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးငလျင်ကြီးကြောင့် အမရပူရမြို့နယ်အတွင်း ထိခိုက်ပျက်စီးခဲ့သော နေအိမ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ








**မန္တလေး နိုဝင်ဘာ ၂၂**

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးခဲ့သည့် နေအိမ်များနှင့် တိုက်ခံအိမ်များအတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လူသေဆုံးသူများ၏ မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိသည်။

အမရပူရခရိုင်၊ မြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများ၊ အိမ်ရာများ၊ နေအိမ်အဆောက်အအုံများ၊ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ လမ်းတံတားများ ထိခိုက်ပျက်စီးခြင်း၊ လူသေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့် နေအိမ်များအတွက် ထောက်ပံ့ငွေများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စုရှိ ရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ငလျင်ဘေးသင့်ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ငလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားတို့ဖြင့် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များ ပြန်လည်တည်ဆောက်ပြုပြင်နိုင်ရေးအတွက် နေအိမ်အမျိုးအစားအလိုက်၊ ပျက်စီးမှုအလိုက်(လုံးဝ၊ တစ်စိတ်တစ်ပိုင်း) ခွဲခြားပြီး အိမ်တစ်လုံးချင်းစီအတွက် သတ်မှတ်ထားသည့် ထောက်ပံ့နှုန်းထားအတိုင်း ငွေသား၊ အိမ်ဆောက်ပစ္စည်းတို့ဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါကြောင်းနှင့် ပြန်လည်တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်အောင် ထည့်သွင်းစဉ်းစားပြီး အဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ငလျင်ဒဏ်ခံအဆောက်အအုံများအတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများကို လိုက်နာပြီး တည်ဆောက်သွားရန်လည်း လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် တိုင်းဒေသကြီးအတွင်းမှ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် ထောက်ပံ့ငွေများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ပြည်သူများအား ပေးအပ်ရာ အမရပူရမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် နေအိမ်အဆောက်အအုံ လုံးဝပျက်စီးသည့်နေအိမ် (၆၄၀)လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် (၁၄၁၂)လုံးအတွက် ထောက်ပံ့ငွေကျပ် ၂၁၄၃၆၆ ဒသမ ၄၁၂ သိန်း၊ ဘိလပ်မြေအိတ် (၂၀၇၆၆၄ ဒသမ ၃၇၂)အိတ်၊ သံချောင်းလုံး (၃၅၇၇ ဒသမ ၅၂၅) တန်နှင့် အမိုးသွပ်(၆၄၈၉၈ ဒသမ ၂၃၇)ချပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ငလျင်ဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်ဘေးသင့်ပြည်သူများကို အားပေးစကားများပြောကြား၍ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မိမိတို့၏ အမည်ပါ၊ မပါနှင့် မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် မဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေး ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို သတ်မှတ်နေရာများတွင် ကြေညာထားရှိမှုများနှင့် လာရောက်ကြည့်ရှုနေမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၂**

အောင်မြေသာစံမြို့နယ်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။



အစည်းအဝေးသို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထက်အောင်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ (ဗဟို)အတွင်းရေးမှူး ဦးမြင့်သန်းနှင့် (ဗဟို)အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထက်အောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် (ဗဟို)ဥက္ကဋ္ဌ ဦးဝင်းမြင့်က မူးယစ်ဆေးဝါးသုံးစွဲမှုလျော့ကျရေးအတွက် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ၏ အခန်းကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာသူများက သင်တန်းစီမံချက်များအား အသီးသီးဆွေးနွေးခဲ့ကြကြောင်းနှင့် အသင်းအတွက် အလှူရှင် ဦးမိုးသန်းဦး+ဒေါ်နေနွယ်ဝင်း မိသားစုက ငွေကျပ် ၃၆၀၀၀၀ ၊ ဒေါ်ဇာနည်အောင်က ငွေကျပ် ၁၀၀၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်(နဝရတ် KTV)စားသောက်ဆိုင်အား F.S.D သက်တမ်းတိုးခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းအား ယမန်နေ့ နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်စဉ်။

(ကဆ)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**

# ချင်းပြည်သစ်ကွန်ဂရက်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၂

ချင်းပြည်သစ်ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးစိုးထက် (ခ) ဆလိုင်းမဲလု က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်သစ်ကွန်ဂရက်ပါတီ (New Chinland Congress-NCC) ဥက္ကဋ္ဌ ဦးစိုးထက် (ခ) ဆလိုင်းမဲလု ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်မှာ တိုင်းရင်းသားပြည်သူများ၊ အထူးသဖြင့် ချင်းပြည်နယ်ရှိ ချင်းလူမျိုးများအားလုံးနဲ့ မဲဆန္ဒရှင်ပြည်သူများ သိရှိနိုင်ရန်အတွက် ချင်းပြည်သစ်ကွန်ဂရက်ပါတီရဲ့ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို အကျဉ်းမျှ တင်ပြသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်သစ်ကွန်ဂရက်ပါတီဟာ ချင်းပြည်နယ်နှင့် ချင်းလူမျိုး ကိုယ်စားပြုပါတီဖြစ်ပြီး ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုအားလုံးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ အရေးအရာများ တိုးတက်ထွန်းကားလာစေရန်ဆိုတဲ့ အမျိုးသားရေးတာဝန်ကို အာမခံဖော်ဆောင်သွားမယ့် ပါတီဖြစ်ပါတယ်။ ချင်းပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအရပ်ရပ်အတွက် ချင်းအမျိုးသားနိုင်ငံရေး ဦးဆောင်လမ်းပြခဲ့သူများ၊ ချင်းအမျိုးသား တတ်သိပညာရှင်များ၊ လူငယ်များ၊ အမျိုးသမီးများနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရာက ချင်းပြည်သစ်ကွန်ဂရက်ပါတီ ပေါ်ထွက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်သစ်ကွန်ဂရက်ပါတီဟာ ချင်းပြည်နယ်အတွင်းမှာသာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီဖြစ်ပါတယ်။ ပါတီရဲ့ အမှတ်တံဆိပ်အဖြစ် ချင်းတိုင်းရင်းသားတို့က တန်ဖိုးထားမြတ်နိုးကြတဲ့ အောက်ချင်းငှက်မောင်နှံကို တောင်ဇလပ်ပန်းနဲ့တွဲပြီး ပုံဖော်ထားပါတယ်။ အလံကိုတော့ အပြာ၊ အနီ၊ အစိမ်း သုံးရောင်ခြယ်အလယ်မှာ ကြယ်ဖြူတစ်ပွင့်နဲ့ ပုံဖော်ထားပါတယ်။ ချင်းပြည်သစ်ကွန်ဂရက်ပါတီဟာ ချင်းပြည်နယ် ချင်းတို့ဌာနေကို အခြေခံပြီး ဖွဲ့စည်းခဲ့တာဖြစ်တဲ့အတွက်ကြောင့် ချင်းပြည်နယ် ပေါ်ပေါက်လာတဲ့ သမိုင်းကြောင်းကိုလည်း အနည်းငယ်မျှ တင်ပြလိုပါတယ်။

ချင်းတိုင်းရင်းသားတို့ဟာ ညီနောင်တိုင်းရင်းသားများနှင့်အတူ ၁၉၄၇ ခုနှစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆောက်ရေးအတွက် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးကို အတူရယူခဲ့တာဖြစ်ပါတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ ချင်းတောင်များခရိုင်နှင့် ရခိုင်တောင်တန်းနယ်များ (လက်ရှိ ပလက်ဝခရိုင်) ကို စုစည်းကာ "ချင်းဝိသေသတိုင်း" လို့ သတ်မှတ်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းပြည်နယ်အဖြစ် ပြောင်းလဲပြီး တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်နှင့် ပလက်ဝဆိုပြီး မြို့နယ် (၉) ခုနှင့် ဖွဲ့စည်းလာတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်အရလည်း ချင်းပြည်နယ်အဖြစ် အခိုင်အမာတည်ရှိနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄)ခုထဲမှာ ဒေသခံဌာနေ တိုင်းရင်းသားမျိုးနွယ်စု အများဆုံးနေထိုင်တဲ့ တစ်ခုတည်းသော ပြည်နယ်ဖြစ်ပါတယ်။ ဒါကတော့ ချင်းပြည်နယ်ရဲ့ နောက်ခံသမိုင်းအကျဉ်းပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိပြီး နောက်ပိုင်းမှာ နယ်မြေအေးချမ်းလုံခြုံမှုအရှိဆုံး ပြည်နယ်တစ်ခုအဖြစ် ရှိခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်အဖြစ် ယနေ့တိုင် တည်ရှိနေဆဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ချင်းပြည်နယ်ကို တန်ဖိုးထားချစ်မြတ်နိုးတဲ့ ချင်းတိုင်းရင်းသားများအားလုံးက ချင်းပြည်နယ်အမြန်ဆုံးငြိမ်းချမ်းပြီး မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်တာကို လိုလားကြမယ်လို့ ယုံကြည်ပါတယ်။ ဒီတူညီတဲ့ဆန္ဒတွေ အမှန်တကယ် လက်တွေ့ဖြစ်ပေါ်လာရေးအတွက် ညီညွတ်စွာ စုပေါင်းလုပ်ဆောင်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီမှာ တူစုံအားပြုပြီး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်ကြရအောင်လို့ ဒီနေရာကနေ ဖိတ်ခေါ်ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ချင်းပြည်နယ်ကိုအခြေခံပြီး ပါဝင်ယှဉ်ပြိုင်ရတဲ့ ရည်မှန်းချက်ကိုလည်း တင်ပြလိုပါတယ်။

ပထမအချက်က ချင်းပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ချင်းတိုင်းရင်းသားတိုင်းက ကြိုးပမ်းပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။

ဒုတိယအချက်က ချင်းပြည်နယ်အတွင်း လူမှုစီးပွားရေး(Socio Economic) ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းတိုင်းရင်းသားတိုင်းက ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။

တတိယအချက်က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးမှာ ညီနောင်တိုင်းရင်းသားလူမျိုးများ၊ မျိုးနွယ်စုများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေး ဖြစ်ပါတယ်။

နောက်ဆုံးအချက်က ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တန်းတူညီမျှသော အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ပါတယ်။

ဒီရည်မှန်းချက် (၄) ချက်ဟာ - မဖြစ်မနေဖော်ဆောင်သွားရမယ့် ချင်းအမျိုးသားရေးတာဝန်ဖြစ်တယ်လို့ ချင်းပြည်သစ်ကွန်ဂရက်ပါတီ (NCC)က အခိုင်အမာခံယူထားတာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှု နောက်အကျဆုံး ပြည်နယ်ကနေ ရုန်းထွက်ပြီး အခြားသော တိုင်းဒေသကြီး/ပြည်နယ်များနှင့် ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် စတင်လုပ်ဆောင်ရမယ့် နည်းလမ်းဟာ လက်ရှိအခြေအနေမှာတော့ ရွေးကောက်ပွဲလမ်းကြောင်းပဲ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်အရ ဒီမိုကရေစီအစိုးရ ပေါ်ပေါက်လာတဲ့ ၂၀၁၀ နောက်ပိုင်းမှာ ပြည်သူများရဲ့ဆန္ဒတွေကို ပြည်သူ့ကိုယ်စားလှယ်များကတစ်ဆင့် ထုတ်ဖော်ခွင့်ရလာလို့ တစ်မြို့နှင့်တစ်မြို့ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာလို့ ရလာတယ်။ စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ လမ်းတံတားတွေလည်း တိုးတက်ပြောင်းလဲလာခဲ့တာပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား -**

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးကံကြမ္မာအလှည့်အပြောင်းမှာ ကျွန်တော်တို့ ချင်းပြည်နယ်ဟာလည်း မပျက်စီးသင့်တာတွေ ပျက်စီးရပြီ။ မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးခဲ့ရတယ်။ မချမ်းသာပေမယ့် ပျော်ရွှင်အေးချမ်းတဲ့ ချင်းပြည်နယ်၊ မဖွံ့ဖြိုးပေမယ့် တည်ငြိမ်တဲ့ ချင်းပြည်နယ်ဟာ ယခုအချိန်မှာ လက်နက်ကိုင်ပဋိပက္ခဒဏ်ကို အလူးအလဲ ခံနေရတာ မဲဆန္ဒရှင်များ အသိပဲဖြစ်ပါတယ်။ မြို့ရွာတွေပျက်စီးသွားတယ်။ အပြစ်မဲ့ပြည်သူတွေပါ အသက်နဲ့ခန္ဓာ ဆုံးရှုံးခဲ့ကြရတယ်။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်အိမ်၊ ကိုယ့်ခြံ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ စွန့်လွှတ်ခဲ့ရတယ်။ အရပ်တစ်ပါးမှာ အနေ၊ အစား၊ ကျပ်တည်းရတယ်။ ရုံးတွေပိတ်၊ ကျောင်းတွေပိတ်လို့ လူသားအရင်းအမြစ်တွေ များစွာဆုံးရှုံးခဲ့ရတယ်။ ပညာသင်ယူနေဆဲ သားသမီးတွေ ပညာရေးနှင့် အဆက်ပြတ်တောက်သွားခဲ့ရတယ်။ ကိုယ့်ရပ်၊ ကိုယ့်ရွာ ကိုယ့်အိမ်၊ ကိုယ့်ခြံမှာ ကြိတ်မှိတ်ဖက်တွယ်သူများမှာလည်း စားဝတ်နေရေး၊ အသက်အန္တရာယ် လုံခြုံရေးအာမခံချက်မရှိဘဲ ကျီးလန့်စာစားဘဝ ရောက်နေကြရပါတယ်။ ပြည်သူတွေလိုချင်တာက "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး" ပဲ ဖြစ်ပါတယ်။ ဒီအတိုင်းသာ ညီအစ်ကိုအချင်းချင်း အပြန်အလှန်တိုက်ခိုက်နေကြရင် ပြည်သူတွေလိုချင်တဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုလည်းပေါ်ပေါက်လာနိုင်မှာ မဟုတ်ပါဘူး။

ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ကတော့ ပဋိပက္ခတိုင်းကို ငြိမ်းချမ်းစွာ စားပွဲပေါ်မှာ တွေ့ဆုံဆွေးနွေး အဖြေရှာတဲ့နည်းလမ်းထက် ပိုမိုကောင်းမွန်တဲ့ နည်းလမ်းမရှိဘူးဆိုတာ အခိုင်အမာယုံကြည်လို့ ပါတီတည်ထောင်ပြီး ရွေးကောက်ပွဲဝင်ရခြင်းပဲဖြစ်ပါတယ်။ ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ ငြိမ်းချမ်းရေးစားပွဲပေါ်မှာ ပြည်သူ့အတွက် မားမားမတ်မတ် ရဲရဲဝံ့ဝံ့ရပ်တည်သွားပါမယ်လို့ ကတိပြုပါတယ်။ ဒါကြောင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီ ဆောင်ရွက်လိုတဲ့ လုပ်ငန်းစဉ် (၄)ရပ်ကိုလည်း မဲဆန္ဒရှင်ပြည်သူများကို တင်ပြလိုပါတယ်။

**လုပ်ငန်းစဉ်(၁)**

ချင်းပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခ ရပ်စဲရေးအတွက် သက်ဆိုင်သူအားလုံးနှင့် ကြိုးပမ်းညှိနှိုင်းအဖြေရှာကြဖို့ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲရလဒ်အရ ပေါ်ထွက်လာမယ့် အစိုးရသစ်က ဦးဆောင်ရမှာဖြစ်ပြီး ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်ရမှာဖြစ်ပါတယ်။ ယာယီအပစ်အခတ်ရပ်စဲကာ တွေ့ဆုံဆွေးနွေးရာကနေ ပဋိပက္ခ လုံးဝရပ်စဲနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ယာယီနေရပ်စွန့်ခွာသူများ ဂုဏ်သိက္ခာရှိရှိ မိမိနေရပ်ပြန်လာနိုင်ရေး၊ လုံခြုံရေးအာမခံချက်ရအောင် ဖန်တီးပေးရေး၊ စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ ပြန်လည်ကုစားရေး၊ အရေးပေါ်၊ ရေတို၊ ရေရှည်အထောက်အပံ့များ ရရှိနိုင်ရေး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**လုပ်ငန်းစဉ် (၂)**



လက်နက်ကိုင် ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ အများပြည်သူပိုင် အဆောက်အအုံများ၊ လူနေအိမ်ရာများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီအတွက် လိုအပ်တဲ့ ကုန်ကျစရိတ်တွေကို နိုင်ငံတော်အစိုးရအပြင် ပြည်တွင်း ပြည်ပ အလှူရှင်များထံမှ အကူအညီများရရှိဖို့အတွက် ပါတီနှင့် ရွေးကောက်ခံကိုယ်စားလှယ်များအပါအဝင် ပြည်သူ တစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

**လုပ်ငန်းစဉ်(၃)**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်မှာ တက်ကြွစွာ ပါဝင်သွားဖို့ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာချုပ်ဆိုခဲ့ကြတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟာ ပြည်ထောင်စုနဲ့ တိုင်းရင်းသားအားလုံးရဲ့ အနာဂတ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှုထားပြီး နိုင်ငံတော်နဲ့တိုင်းရင်းသားများအပေါ် အာမခံထားခြင်းဖြစ်ပါတယ်။ နိုင်ငံရေးသဘောထားချင်း မတိုက်ဆိုင်လို့ လက်နက်ကိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုအဖွဲ့ပေါင်းစုံကိုလည်း နိုင်ငံရေးစားပွဲဝိုင်းပေါ် ရောက်ရှိလာအောင် မဲဆန္ဒရှင်ပြည်သူများနဲ့လက်တွဲပြီး စည်းရုံးကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ ပါဝင်သူများ အားလုံးနဲ့အတူ NCA ဆွေးနွေးပွဲမှာလည်း ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အစွမ်းကုန်ကြိုးစားသွားပါမယ်လို့ ကတိပြုပါတယ်။

**လုပ်ငန်းစဉ်(၄)**

စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော စက်မှုလုပ်ငန်းများ ဖော်ဆောင်ဖို့ ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းစီမံကိန်းတွေ ဖော်ဆောင်ရမှာဖြစ်ပါတယ်။ ချင်းပြည်နယ် ပလက်ဝမြို့နယ်ကို ဖြတ်သန်းသွားတဲ့ ကုလားတန်ဘက်စုံစီမံကိန်းဟာ ချင်းပြည်နယ်တိုးတက်ရေးအတွက် အရေးပါတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းအတွက် များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီကို ပြည်သူက ရွေးချယ်ထောက်ခံသွားမည်ဆိုရင် လွှတ်တော်အဆင့်ဆင့်တိုင်းမှာ ပြည်သူတွေ လိုလားတဲ့ စီမံကိန်းတွေဖော်ဆောင်ရေးနဲ့ ဥပဒေပြုရေးကဏ္ဍတွေမှာ ထိထိရောက်ရောက် လုပ်ဆောင်ခွင့်ရရှိမှာဖြစ်ပါတယ်။

**ချင်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ချင်းတိုင်းရင်းသားများ၊ အခြားတိုင်းရင်းသားများနှင့် ချင်းမျိုးနွယ်စုများခင်ဗျား-**

ချင်းပြည်နယ်ရဲ့ ပကတိအခြေအနေကို အားလုံးက သိရှိကြပြီးဖြစ်ပါတယ်။ ယခုအချိန်မှာ ချင်းပြည်သူအားလုံးက ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို အလိုလားဆုံး၊ အတောင့်တဆုံးဖြစ်ပါတယ်။ ချင်းပြည်သူတွေ လုံခြုံအေးချမ်းစွာ သွားလာလုပ်ကိုင်ချင်ကြပါပြီ၊ မြို့ရွာတွေ ပြန်လည်နွေးထွေးစေလိုကြပါပြီ၊ စာသင်ကျောင်းတွေကလည်း ကျွန်တော်တို့ရဲ့သားသမီးတွေကို စောင့်မျှော်ဖိတ်ခေါ်နေပါပြီ။ အဆက်ပြတ်တောက်သွားတဲ့ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေလည်း ပြန်လည်အသက်ဝင်ဖို့ လိုအပ်နေပါပြီ။ ဒါကြောင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ကစပြီးကျင်းပမယ့် လွှတ်တော်အဆင့်ဆင့် ရွေးကောက်ပွဲမှာ တက်တက်ကြွကြွ ဆန္ဒမဲပေးကြဖို့ အရေးကြီးပါတယ်။

ချင်းပြည်သစ်ကွန်ဂရက်ပါတီကို ထောက်ခံမဲပေးခြင်းအားဖြင့် လာမယ့်(၅)နှစ်အတွက် မိမိတို့ချင်းတိုင်းရင်းသားများနဲ့ မျိုးနွယ်စုတွေကို အမှန်တကယ်အလုပ်အကျွေးပြုမယ့် ပြည်သူ့ကိုယ်စားလှယ်တွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်ကိုချစ်တဲ့ ချင်းပြည်သူ မဲဆန္ဒရှင်များအနေနဲ့ အခြားတိုင်းရင်းသားများနဲ့အတူ ပူးပေါင်းပြီး ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ခုလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြဖို့ အချိန်တန်ပါပြီ။

ဒါကြောင့် ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြလိုတာကတော့- ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်ချင်းပြည်နယ်အတွက် - အောက်ချင်းမောင်နှံနဲ့ တောင်ဇလပ်ပန်းပုံပါတဲ့ ချင်းပြည်သစ်ကွန်ဂရက်ပါတီကို ချင်းပြည်နယ် မဲဆန္ဒရှင်ပြည်သူတိုင်းက ထောက်ခံမဲ ပေးကြပါစို့လို့ မေတ္တာရပ်ခံ ပန်ကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးဘေးကင်းရန်ကွာ ကျန်းမာချမ်းသာကြပါစေ။

# ရခိုင်တိုင်းရင်းသားများပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၂

ရခိုင်တိုင်းရင်းသားများပါတီဥက္ကဋ္ဌ ဦးဘရှိန် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



မဲဆန္ဒရှင် မိဘပြည်သူအားလုံး ... ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party– RNP)၏ ဥက္ကဋ္ဌ ဦးဘရှိန် ဖြစ်ပါတယ်။

ရခိုင်တိုင်းရင်းသားများပါတီကို ရခိုင်အပါအဝင် တိုင်းရင်းသားမျိုးနွယ်စု(၇)စုနှင့် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေကို ကိုယ်စားပြုပြီးတော့ ၂၀၂၅-ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှာ ပါတီတည်ထောင်ခွင့်လျှောက်ထားခဲ့ပါတယ်။ ဩဂုတ်လ (၄) ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရခိုင်နိုင်ငံရေးပါတီတစ်ခုအဖြစ် ပါတီမှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်ကပင် မျိုးချစ်ရဟန်းသံဃာတွေအပါအဝင် မျိုးချစ်ရခိုင့်နိုင်ငံရေးသမားတွေက လွတ်လပ်ရေးလှုပ်ရှားမှုနိုင်ငံရေးဖြစ်စဉ်မှာ အမြဲတစေ ပါဝင်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း ရခိုင့်နိုင်ငံရေးသမားတွေဟာ အစဉ်တစိုက်နိုင်ငံရေးနယ်ပယ်မှာ ဖြတ်သန်းနေကြပါတယ်။ လွတ်လပ်ရေး မရခင်ကာလကပင် ရခိုင်ဒေသကို ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ဖော်ဆောင်ပေးဖို့ ရခိုင့်မျိုးချစ်နိုင်ငံရေးသမားတွေက အမြဲကြိုးပမ်းအားထုတ်ခဲ့ကြပါတယ်။ သို့သော်လည်း ၁၉၄၇ – ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်ပေါက်လာတဲ့အခါ ရခိုင်ဒေသကို တိုင်းတစ်တိုင်းအဖြစ်သာ အသိအမှတ်ပြုခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပေါ်ပေါက်လာတဲ့အခါ ပြည်နယ်(၇)ခုနဲ့ တိုင်းဒေသကြီး (၇)ခုကို အဆင့်အတန်းတူ သတ်မှတ်ပြီး တိုင်းနှင့် ပြည်နယ်အားလုံးမှာ ဥပဒေပြုခွင့်အာဏာ အသင့်အတင့် ရလာပါတယ်။ ရခိုင်ဒေသခံတိုင်းရင်းသားပြည်သူအားလုံး၏ လိုအပ်ချက်တွေကို ခေတ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ပေးနိုင်ဖို့အတွက် ရခိုင်ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခွင့်နှင့် ရခိုင်ပြည်နယ်အစိုးရ၏စီမံခန့်ခွဲပိုင်ခွင့်တွေကို ပိုပြီးလုပ်ပိုင်ခွင့်ရလာအောင် ကျွန်တော်တို့ ဆက်လက်ကြိုးစားကြရပါမယ်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်ရာမှာလည်း အခြားတိုင်းရင်းသား လူမျိုးအားလုံးနှင့် ပူးပေါင်းပါဝင်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်တဲ့အခါ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတွေက မိမိတို့၏ အမျိုးသားရေးလက္ခဏာ(National Identity) ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပါဝင်ဖို့ လိုအပ်တယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ရခိုင်တိုင်းရင်းသားများပါတီ(RNP) ကို တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

လာမယ့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ရခိုင်တိုင်းရင်းသားများပါတီက ရခိုင်ပြည်နယ်အတွင်းကျင်းပမယ့် မဲဆန္ဒနယ်အားလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ တင်သွင်းထားလို့ ရှိပါတယ်။

ကျွန်တော်တို့ရခိုင်တိုင်းရင်းသားများပါတီ (RNP)၏ အဓိက မျှော်မှန်းချက်တွေကတော့

(က) တိုင်းရင်းသားအားလုံး တန်းတူညီမျှမှုရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရန်။

(ခ) ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ ပါတီတစ်ရပ်အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းတွေနှင့် ပူးပေါင်းပါဝင်ဖြေရှင်းသွားရန်။

(ဂ) ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေ အချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဃ) ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို အလေးထားကြိုးပမ်းဆောင်ရွက်သွားရန်။

(င) ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

(စ) ဌာနေတိုင်းရင်းသားများအရေး၊ တိုင်းရင်းသားလူမျိုးစုများအရေး၊ နိုင်ငံသားအခွင့်အရေး၊ နိုင်ငံခြားသားအခွင့်အရေးစသည့် အခွင့်အရေးတွေကို တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်သွားရန် ဆိုတဲ့အချက်တွေ ဖြစ်ပါတယ်။

နောက်ပြီးတော့ ရခိုင်ပြည်နယ်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် လူမှုစီးပွားရေးစသည့် လုပ်ငန်းစဉ်တွေကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ဆောင်ရွက်သွားဖို့ ရည်မှန်းချက်တွေလည်း ချမှတ်ထားပါတယ်။

မိဘပြည်သူမဲဆန္ဒရှင်အပေါင်းတို့ ကျွန်တော်တို့ ပြည်သူတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကပင် ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုတွေကြောင့် မိမိတို့ ဇာတိဒေသကိုစွန့်ခွာပြီး ဒေသအသီးသီးသို့ ရောက်သွားကြပါတယ်။

ယခု ရခိုင်ပြည်နယ်မှာ နိုင်ငံတကာစီမံကိန်းကြီး(၂)ခု ဖော်ဆောင်ဖို့ ရှိနေပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ စစ်တွေမြို့ကို ဗဟိုပြုပြီး ကုလားတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်နေသလို ရခိုင်ပြည်နယ် တောင်ပိုင်းမှာ ကျောက်ဖြူမြို့ကို ဗဟိုပြုပြီးတော့ ရေနက်ဆိပ်ကမ်းအပါအဝင် အထူးစီးပွားရေးဇုန် (SEZ) စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်နေပါတယ်။ ဒီစီမံကိန်းကြီးတွေ အောင်မြင်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းအများအပြားတိုးတက်ဖွံ့ဖြိုးလာပြီး အခြေအနေကောင်းတွေ ပေါ်ပေါက်လာပါမယ်။ အဲဒါကြောင့် ရခိုင်တိုင်းရင်းသားများပါတီ (RNP) အနေဖြင့် ဒေသစီမံကိန်းကြီးတွေ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာဖို့ အတွက် အထူးမျှော်လင့် ထောက်ခံအားပေးပါတယ်။

မာန်အောင်ကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်လို့ တင်ပြလိုပါတယ်။

မာန်အောင်ကျွန်းရဲ့ ကျွန်းပတ်လည်မှာ လှပတဲ့ပင်လယ်ကမ်းခြေတွေ ရှိပါတယ်။ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာအကောင်းဆုံးဒေသ ဖြစ်ပါတယ်။ အဓိကအချက်ကတော့ ဒေသကိုသွားလာနိုင်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ ဒေသခံပြည်သူတွေ လျှပ်စစ်မီးအသုံးပြုနိုင်ရေးတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို ဒေသခံပြည်သူနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက စိတ်ဝင်တစား ဖော်ဆောင်ဖို့လည်း လိုပါတယ်။

မာန်အောင်ကျွန်းမှာ ဆိုလာလျှပ်စစ်အားသုံး စက်ရုံအများအပြား တည်ဆောက်လို့ ရနိုင်ပါတယ်။ ခအုန်းမော်ဒေသမှာ တည်ဆောက်ထားတဲ့ ဆိုလာလျှပ်စစ်ဓာတ်အားသုံး စက်ရုံအဟောင်းကို စနစ်တကျ ရင်းနှီးမြှုပ်နှံပြီး ကျွမ်းကျင်မှုနည်းပညာတွေနှင့် ပေါင်းစပ်ပြီး ပြန်ပြင်လိုက်ရင် မာန်အောင်မြို့အတွက် အလျင်အမြန် ဆိုလာလျှပ်စစ်ဓာတ်အား ရနိုင်ပါတယ်။ မာန်အောင်လေယာဉ်ကွင်းကို အနည်းဆုံး ATR-72 လေယာဉ်အမျိုးအစားတွေ ဆင်းသက်နိုင်တဲ့ လေယာဉ်ကွင်းအဖြစ် တည်ဆောက်ဖို့လိုပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ရင် ခရီးသွားလုပ်ငန်းကို အကြောင်းပြုပြီး အလုပ်အကိုင်အခွင့်အလမ်းအများအပြား ပေါ်ပေါက်လာမယ်။ ဒေသအသီးသီးသို့လေကြောင်းနဲ့ အလျင်အမြန် ဆက်သွယ်ရေး ခရီးပေါက်သွားပါမယ်။ မာန်အောင်ကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ဖို့ အထက်ဖော်ပြပါ လုပ်ငန်းတွေကို မလွဲမသွေ ကြိုးပမ်း အားထုတ်ရမယ်လို့ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများ ပါတီ(RNP)က အလေးအနက်



ခံယူထားကြောင်းကိုလည်း ဖော်ပြလိုပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူ အပေါင်းတို့ ............**

ကျွန်တော်တို့ ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စု၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်တွေမှာ ပြည်သူ့အသံကို အလေးထားဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။

ရခိုင်ပြည်နယ်ပြည်သူလူထု၏အသံကို ကိုယ်စားပြုနိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူအပေါင်းက ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများပါတီ(RNP)၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအများစုကို လွှတ်တော်အသီးသီးသို့ ရောက်သွားအောင် ဆန္ဒမဲပေးကြပါလို့ တောင်းဆိုလိုပါတယ် ............

**ရခိုင်ပြည်သူအပေါင်းတို့......**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ဒေသတစ်ခုလုံးမှာ ယခုအခါမှာ လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် မြို့ကလူတောကိုရောက်၊ တောကလူမြို့ကိုရောက်၊ ပြည်မဒေသအများအပြားသို့လည်း အိုးအိမ်စွန့်ခွာရောက်သွားကြပါတယ်။ အဲဒီနေရာ အသီးသီးမှာ အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်နေကြရပါတယ်။ ရခိုင်ပြည်သူတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲပဋိပက္ခတွေကို ဖြစ်နိုင်သမျှ နည်းလမ်းတွေကိုရှာပြီး ဖြေရှင်းရပါမယ်။ ဒီရွေးကောက်ပွဲကတစ်ဆင့် ပြည်သူတွေက တာဝန်ပေးရင် ကျွန်တော်တို့ပါတီက ဒီအခက်အခဲတွေ ပဋိပက္ခတွေကို အစွမ်းကုန်ကြိုးစားဖြေရှင်းမယ်လို့ အလေးအနက်ခံယူထားပါကြောင်းကိုလည်း တင်ပြလိုပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့ RNP ပါတီ၏ စည်းရုံးရေးသီချင်းကို နားထောင်ပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါရေ

**ပါတီ၏သီချင်းစာသား**

RNP

**တေးရေး/တေးဆို မင်းထီး**

**မူပိုင် – RNP**

၁။ RNP *** ရခိုင်အမျိုးသား *** အားမာန်ကို *** စုစည်းလို့ ** စွမ်းဆောင်ဖို့*** လိုနေလို့ ဖွဲ့စည်းခဲ့တဲ့ *** အားလုံးအတွက် *** ရခိုင်ပါတီ ...

၂။ အလျင်ခါက *** ဖြေရှင်းလို့ *** မရနိုင်ခဲ့ *** လူ့အသိုင်းအဝိုင်း *** ကြားမှာလည်း စံချိန်မမီ ***
ကိုယ့်ရပ်ကိုယ့်ရွာကို *** ထားပစ်ခဲ့သူ *** ပြန်လာပါ .........

၃။ ပင်ကိုရိုးသားမှုနဲ့***ငါတို့ရဲ့ *အမျိုးဘာသာ ***တခြားအရာနဲ့*** နှိုင်းဆ ဖို့က** လုံးဝမဖြစ်နိုင် *** ပင်လယ်လေ ***သန့်ရှင်းမှုနဲ့ *** ကိုယ့်ရိုးရာ အစားအစာ***
ဒီတစ်ခါ *** ရောက်လို့ရှိရင် *** မပြန်ပြီဟေ့ ..

၁။ *************** ပြန်ဆို

၄။ သာယာတဲ့ *** ဖွံ့ဖြိုးမှု *** ဖူးဝေလို့ *** ရောင်နီပျိုးစ *** ငါတို့* ရခိုင်ပြည်*** ပျော်စရာဝေ *** ကိုယ့်ရပ်ကိုယ့်ရွာမှာ * နေမှာပေါ့ *** Gateway to the world....

၂။ *************** ပြန်ဆို

၄။ *************** ပြန်ဆို

၃။ *************** ပြန်ဆို

## လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**မူဆယ် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ရှိ ဒေသခံပြည်သူများအား လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကောင်းမူးတုံရပ်ကွက်၊ ငွေဆင်နယ်မြေ၊ ဆင်ဖြူဈေးကော်မတီရုံးတွင် ကျင်းပခဲ့သည်။

လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် အမှတ်(၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲမှူး မင်းနိုင်က လူကုန်ကူးမှုအကြောင်းအရာများ၊ လူမှောင်ခိုကူးမှုဆိုင်ရာ အကြောင်းအရာများကို ဟောပြောခဲ့ပြီး တက်ရောက်လာသော ဒေသခံပြည်သူများမှ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူ ၆၅ ဦးကို လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ အလားတူ ဟောပြောပွဲများကို နိုဝင်ဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ မူဆယ်မြို့ပေါ် ရပ်ကွက်များ၊ ကားကြီးကွင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဝင်၊ ထွက်ပေါက်များရှိ ဒေသခံပြည်သူများကို အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲများသို့ ခရိုင်၊ မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့စု၊ အမှတ်(၂) မှုခင်းရဲတပ်ဖွဲ့စိတ်၊ မူဆယ်ခရိုင်ရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စိတ်နှင့် အမှတ်(၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်းနှင့် အဆိုပါရက်များအတွင်း ဒေသခံပြည်သူ ၂၂၃၃ ဦးကို အသိပညာပေးဟောပြောပေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာရှိ ကျော်ဖံစက်သုံးဆီအရောင်းဆိုင်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ဆင်ပေါင်ဝဲ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်ကျေးရွာရှိ ကျော်ဖံစက်သုံးဆီအရောင်းဆိုင်၌ မီးသတ်ဦးစီးဌာနက သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ ကောင်း၊ မကောင်း၊ သက်တမ်းလွန် မီးသတ်ဆေးဘူးများ ရှိ၊ မရှိ၊ မီးသတ်ရေလှောင်ကန်များ၌ ရေများ အရန်သင့်စုဆောင်းထားရှိမှုရှိ၊ မရှိ၊ စက်သုံးဆီသိုလှောင်ကန်များ၌ စက်သုံးဆီများ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးရောင်းချပေးနေမှုများကို စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည်များကို ဆက်လက်ဖြည့်တင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးကို ဖမ်းဆီးအရေးယူထားသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်ရှိ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-မုံရွာကားလမ်းအတိုင်း မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်နေ ရန်အောင်(၃၈)နှစ် မောင်းနှင်လာသည့် MDY-12/5N----CROWN အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရန်အောင်အား စစ်ကိုင်းမြို့မ ရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ မြို့မဈေးကားဂိတ်အနီး၌ ခရီးသည်များနားနေဆောင်အတွင်း၌ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာနေ ကျော်မင်း(၅၁)နှစ်အား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ခရီးဆောင်အိတ်အတွင်းမှ အရှိုး၊ အသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်မင်းအား ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅) နယ်မြေရဲစခန်းက ဥပဒေအရအမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊ ဘေးကင်း ရန်ကွာ လွန်ချမ်းသာ။

## ငလိုက်ချောင်းအတွင်းသို့ မော်တော်ယာဉ်တစ်စီးထိုးကျတိမ်းမှောက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ ငလိုက်ချောင်းအတွင်းသို့ မော်တော်ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာ၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင်အမှတ် ၂၂၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား ဘောဂသီရိကားကွင်းအနီး၌ တံတားဖြူတံတားပေါ်မှ တွဲမော်တော်ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်နေကြောင်း သတင်းအရ အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း သကြားစက်မီးပွိုင့်မှ ဘောဂသီရိမီးပွိုင့်ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရဲဘော်ကွက်သစ်နေ ဆန်းဝင်း(၄၄)နှစ်သည် 4E----JAC ဆယ်ဘီးခေါင်းတွဲ TLR----- နောက်တွဲဖြင့် မော်တော်ယာဉ်အား မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ တံတားဖြူတံတားပေါ်အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တံတားယာဘက် လက်ရမ်းများအား ဝင်တိုက်ကာ ငလိုက်ချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သောကြောင့် ဆန်းဝင်းအား ပျဉ်းမနားမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



ရွှေကုက္ကိုလ်နယ်မြေအား တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေမှ ထွက်ပြေးလာသည့် တရားမဝင်နိုင်ငံခြားသားများအား ဖမ်းဆီးရရှိမှုကို တွေ့ရစဉ်။

○ စာမျက်နှာ ၂၄ မှ

စနစ်တကျ ဖြိုချဖျက်ဆီးခြင်းနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကိုလည်း ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံ ၆၃၅ လုံးရှိသည့်အနက် ယနေ့တွင် ၁၀ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၂၀၆ လုံး ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင် အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ပဉ္စမနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ ရှင်းယုံလီပလာဇာ ၁၂ ထပ်အဆောက်အအုံ တစ်လုံးနှင့် အလုပ်သမားတန်းလျား ၁၄ လုံး၊ နှစ်ထပ်အဆောက်အအုံ တစ်လုံးတို့ကို ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ၎င်းတို့ အသုံးပြုသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်းယူဆောင်သွားကြောင်းနှင့် ရှိကျင်းဝမ် လေးထပ်အဆောက်အအုံ ၂၃ လုံးတို့ကို စစ်ဆေးခဲ့ရာ ကွန်ပျူတာ၊ မော်နီတာ (ဆက်စပ်ပစ္စည်းမပါ) အလုံး ၂၄၀ တို့ စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၀၀၊ ဗီယက်နမ်နိုင်ငံသား ၁၄ ဦး၊ မလေးရှားနိုင်ငံသားခြောက်ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၁၅ ဦး၊ နမီးဘီးယားနိုင်ငံသား နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၁ ဦး၊ အိန္ဒိယနိုင်ငံသား ၁၁ ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ခုနစ်ဦး၊ ပါကစ္စတန်နိုင်ငံသားခြောက်ဦး၊ ရဝမ်ဒါနိုင်ငံသား သုံးဦး၊ ကင်ညာနိုင်ငံသား ၂၄ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ကိုရီးယားနိုင်ငံသား တစ်ဦး၊ အီဂျစ်နိုင်ငံသား တစ်ဦး၊ မာဒါဂါစကာနိုင်ငံသား တစ်ဦး၊ တရုတ်(တိုင်ပေ)မှ နှစ်ဦး စုစုပေါင်း ၂၂၃ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၉၀ နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၈၉၃ လုံး၊ မိုဘိုင်းဖုန်းအလုံး ၂၁၇၅၀၊ Star Link ဘန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၄၆၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၁၈၉၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၉၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



KK Park အတွင်း ဖြိုဖျက်မည့်လူနေအဆောက်အအုံ လေးထပ် G 2 အား တွေ့ရစဉ်။



KK Park အတွင်း ယန္တရားဖြင့်ဖြိုဖျက်မည့် သုံးထပ်လူနေ အဆောက်အအုံများအား တွေ့ရစဉ်။



KK Park အတွင်း လူနေအဆောက်အအုံ လေးထပ် G 2 အား ဖောက်ခွဲရန် ပြင်ဆင်နေစဉ်။



KK Park အတွင်း တရားမဝင်နိုင်ငံခြားသားများထားရှိသည့် ၁၂ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။



KK Park အတွင်း တရားမဝင်နိုင်ငံခြားသားများထားရှိသည့် ၁၂ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း သိမ်းဆည်းရမိသည့် ပစ္စည်းများအား ဖျက်ဆီးရန်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။



KK Park အတွင်း သုံးထပ်လူနေအဆောက်အအုံများ ဖြိုချနေမှုကို တွေ့ရစဉ်။



KK Park အတွင်း လူနေအဆောက်အအုံ လေးထပ် C 6 အား ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။



# နိုင်ငံတကာ အားကစား သတင်းများ



## ဖေဘီယိုကာဗယ်ဟို ဒူးအရွတ်ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၂၂**

ဘရန့်ဖို့ဒ်အသင်း တောင်ပံကစားသမား ဖေဘီယိုကာဗယ်ဟိုသည် ဒူးအရွတ်ဒဏ်ရာခွဲစိတ်ကုသမှုခံယူခဲ့ရပြီးနောက် ရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။ အဆိုပါ တောင်ပံကစားသမားသည် ဘရန့်ဖို့ဒ်အသင်းက နယူးကာဆယ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဖေဘီယိုကာဗယ်ဟို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဖေဘီယို ကာဗယ်ဟိုသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁ပွဲကစားကာ လေးဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။(အပေါ်ပုံ) (NGB)

## ရာဖင်ဟာကို စတာလင်ပေါင် ၈၈ သန်းဖြင့် ကမ်းလှမ်းရန် လီဗာပူးအသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၂၂**

လီဗာပူးအသင်းသည် ဘာစီလိုနာအသင်းနှင့် အဆင်မပြေဖြစ်နေသည့် တောင်ပံကစားသမား ရာဖင်ဟာကို စတာလင်ပေါင် ၈၈သန်းဖြင့် ကမ်းလှမ်းရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၁ပွဲကစားပြီး ၅၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား ရာဖင်ဟာကိုယ်တိုင်ကလည်းပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ရာဖင်ဟာကို လီဗာပူအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)



## မာတီနက်ဇ်ကို ခေါ်ယူရန် အင်တာမီလန်အသင်း စိတ်ဝင်စား

**မီလန် နိုဝင်ဘာ ၂၂**

အင်တာမီလန်အသင်းသည် အက်စတွန်ဗီလာအသင်း ဂိုးသမား မာတီနက်ဇ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမားသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၃ပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဂိုးသမား မာတီနက်ဇ်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အက်စတွန်ဗီလာအသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဂိုးသမား မာတီနက်ဇ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ) (NGB)



## 2025 LP Open by IND တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Laura Samson တက်ရောက်

**လန်ဒန် နိုဝင်ဘာ ၂၂**

ချီလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 LP Open by IND တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ချက်တင်းနစ်မယ် Laura Samson တက်ရောက်ခဲ့သည်။

အဆိုပါ ချက်တင်းနစ်မယ် Laura Samson သည် 2025 LP Open by IND တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်မယ် Carole Monnet ကို ၁-၆၊ ၆-၂၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 LP Open by IND တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Laura Samson နှင့် ယူကရိန်းတင်းနစ်မယ် Oleksandra Oliynykova တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ (အောက်ပုံ) (NGB)



## အာဖရိက အမျိုးသမီးချန်ပီယံလိဂ်ဖလား ချန်ပီယံဆုကို AS FAR အသင်း ဆွတ်ခူး

**လန်ဒန် နိုဝင်ဘာ ၂၂**

၂၀၂၅ အာဖရိက အမျိုးသမီး ချန်ပီယံလိဂ်ဖလား ချန်ပီယံဆုကို AS FAR အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

AS FAR အသင်းသည် အာဖရိကအမျိုးသမီး ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲအဆင့်တွင် ASEC Mimosas အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

AS FAR အသင်းသည် အာဖရိကအမျိုးသမီးချန်ပီယံလိဂ်ဖလား ချန်ပီယံဆုကို ၂၀၂၂ခုနှစ်နှင့် ယခု ၂၀၂၅ခုနှစ်တို့တွင် ဆွတ်ခူးနိုင်ခဲ့သည်။

AS FAR အသင်းထုတ်ပြန်ချက်တွင် "အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့တဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၁၁-၂၀၂၅ | (၂၀) အိုဗီအေဒို – ဗယ်လက်ကာနို (၁၂) | အိုဗီအေဒို ၀-၀ ဗယ်လက်ကာနို | အိုဗီ(အိမ်) | ၆ | ၁ | ၁ | ၄ | ၂ | ၁၀ |
| ည ၇း၃၀နာရီ | (L,L,D,D,L) (W,W,W,L,D) | ဗယ်လက်ကာနို ၄-၁ အိုဗီအေဒို | ဗယ်လက်(ဧည့်) | ၇ | ၃ | - | ၄ | ၉ | ၁၁ |
| ၂၃-၁၁-၂၀၂၅ | (၅) ဘက်တစ် – ဂျီရိုနာ (၁၈) | ဘက်တစ် ၁-၁ ဂျီရိုနာ | ဘက်တစ်(အိမ်) | ၆ | ၄ | - | ၂ | ၁၀ | ၅ |
| ည ၉း၄၅နာရီ | (W,D,L,W,D) (W,L,D,L,W) | ဂျီရိုနာ ၁-၃ ဘက်တစ် | ဂျီရိုနာ(ဧည့်) | ၅ | - | ၂ | ၃ | ၄ | ၁၁ |
| ၂၄-၁၁-၂၀၂၅ | (၈) ဂီတာဖေး – အက်သလက်တီကို (၄) | ဂီတာဖေး ၂-၁ အက်သလက်တီကို | ဂီတာ(အိမ်) | ၅ | ၂ | ၂ | ၁ | ၆ | ၄ |
| နံနက် ၀၀း၀၀နာရီ | (L,L,W,W,L) (D,W,W,W,W) | အက်သလက်တီကို ၁-၀ ဂီတာဖေး | အက်သလက်(ဧည့်) | ၅ | ၁ | ၃ | ၁ | ၆ | ၅ |
| ၂၄-၁၁-၂၀၂၅ | (၁၁) အယ်လ်ချီ – ရီးရဲလ်မက်ဒရစ် (၁) | အယ်လ်ချီ ၀-၃ ရီးရဲလ်မက်ဒရစ် | အယ်လ်ချီ(အိမ်) | ၆ | ၃ | ၃ | - | ၇ | ၃ |
| နံနက် ၀၂း၃၀နာရီ | (L,D,L,L,D) (W,W,W,W,D) | ရီးရဲလ်မက်ဒရစ် ၄-၀ အယ်လ်ချီ | ရီးရဲလ်(ဧည့်) | ၆ | ၄ | ၁ | ၁ | ၁၂ | ၇ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၁၁-၂၀၂၅ | (၁၆) လိဒ်စ် – ဗီလာ(၆) | လိဒ်စ် ၀-၀ ဗီလာ | လိဒ်စ်(အိမ်) | ၅ | ၂ | ၂ | ၁ | ၆ | ၅ |
| ည ၈း၃၀နာရီ | (L,L,W,L,L) (W,W,W,L,W) | ဗီလာ ၂-၁ လိဒ်စ် | ဗီလာ(ဧည့်) | ၅ | ၁ | ၂ | ၂ | ၃ | ၅ |
| ၂၃-၁၁-၂၀၂၅ | (၁) အာဆင်နယ် – စပါး(၅) | အာဆင်နယ် ၂-၁ စပါး | အာဆင်နယ်(အိမ်) | ၅ | ၄ | ၁ | - | ၁၂ | ၁ |
| ည ၁၁း၀၀နာရီ | (W,W,W,W,D) (W,L,W,L,D) | စပါး ၀-၁ အာဆင်နယ် | စပါး(ဧည့်) | ၅ | ၄ | ၁ | - | ၁၂ | ၃ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၁၁-၂၀၂၅ | (၂၄) ရှက်ဖီးလ်Wed – ရှက်ဖီးလ် Utd(၂၂) | ရှက်ဖီးလ်Wed ၀-၁ ရှက်ဖီးလ်Utd | ရှက်ဖီးလ်Wed(အိမ်) | ၈ | ၁ | ၂ | ၆ | ၃ | ၁၈ |
| ညနေ ၆း၃၀နာရီ | (L,L,D,D,L) (W,L,L,L,D) | ရှက်ဖီးလ်Utd ၁-၀ ရှက်ဖီးလ်Wed | ရှက်ဖီးလ်Utd(ဧည့်) | ၈ | ၂ | - | ၆ | ၇ | ၁၅ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၁၁-၂၀၂၅ | (၁၈) အော်ဇေး – လိုင်ယွန်(၇) | အော်ဇေး ၁-၃ လိုင်ယွန် | အော်ဇေး(အိမ်) | ၆ | ၂ | - | ၄ | ၄ | ၆ |
| ည ၈း၃၀နာရီ | (D,L,L,L,L) (L,W,D,D,L) | လိုင်ယွန် ၂-၂ အော်ဇေး | လိုင်ယွန်(ဧည့်) | ၆ | ၂ | ၁ | ၃ | ၁၂ | ၁၁ |
| ၂၃-၁၁-၂၀၂၅ | (၁၅) ဘရက် – မက်ဇ်(၁၄) | ဘရက် ၄-၃ မက်ဇ် | ဘရက်(အိမ်) | ၆ | ၁ | ၃ | ၂ | ၈ | ၉ |
| ည ၁၀း၄၅နာရီ | (D,L,L,D,L) (L,L,W,W,W,) | မက်ဇ် ၀-၁ ဘရက် | မက်ဇ်(ဧည့်) | ၆ | ၁ | - | ၅ | ၇ | ၂၁ |
| ။ | (၁၆) နန့်တက်စ် – လိုရီယန့်(၁၇) | နန့်တက်စ် ၅-၃ လိုရီယန့် | နန့်တက်စ်(အိမ်) | ၆ | ၁ | ၁ | ၄ | ၆ | ၁၂ |
| | (L,W,L,L,D) (D,L,D,L,D) | လိုရီယန့် ၀-၁ နန့်တက်စ် | လိုရီယန့်(ဧည့်) | ၆ | - | ၁ | ၅ | ၁ | ၁၃ |
| ။ | (၁၀) တူးလော့ – အန်ဂါစ်(၁၃) | တူးလော့ ၁-၁ အန်ဂါစ် | တူးလော့(အိမ်) | ၆ | ၂ | ၃ | ၁ | ၁၃ | ၁၀ |
| | (W,L,D,D,D) (D,W,D,L,W) | အန်ဂါစ် ၀-၄ တူးလော့ | အန်ဂါစ်(ဧည့်) | ၆ | - | ၂ | ၄ | ၃ | ၁၁ |
| ၂၄-၁၁-၂၀၂၅ | (၅) လိုင်လီ – ပဲရီ(၁၁) | ——— | လိုင်လီ(အိမ်) | ၆ | ၄ | ၁ | ၁ | ၁၁ | ၄ |
| နံနက် ၀၂း၁၅နာရီ | (W,W,L,W,L) (L,L,D,W,L) | | ပဲရီ(ဧည့်) | ၆ | ၂ | ၁ | ၃ | ၇ | ၁၀ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၁၁-၂၀၂၅ | (၁၉) ဗီရိုနာ – ပါးမား(၁၇) | ဗီရိုနာ ၀-၀ ပါးမား | ဗီရို(အိမ်) | ၅ | - | ၃ | ၂ | ၄ | ၆ |
| ညနေ ၆း၀၀နာရီ | (D,D,L,L,D) (D,D,L,L,D) | ပါးမား ၂-၃ ဗီရိုနာ | ပါးမား(ဧည့်) | ၅ | - | ၂ | ၃ | ၁ | ၆ |
| ၂၃-၁၁-၂၀၂၅ | (၁၁) ခရီမိုနီ – ရိုးမား(၂) | ခရီမိုနီ ၂-၁ ရိုးမား | ခရီမိုနီ(အိမ်) | ၅ | ၁ | ၃ | ၁ | ၆ | ၆ |
| ည ၈း၃၀နာရီ | (D,D,W,L,L) (L,W,W,L,W) | ရိုးမား ၁-၀ ခရီမိုနီ | ရိုးမား(ဧည့်) | ၅ | ၄ | - | ၁ | ၅ | ၂ |
| ၂၃-၁၁-၂၀၂၅ | (၉) လာဇီယို – လက်ချီ(၁၅) | လာဇီယို ၀-၁ လက်ချီ | လာဇီယို(အိမ်) | ၅ | ၃ | ၁ | ၁ | ၁၀ | ၄ |
| ည ၁၁း၃၀နာရီ | (D,W,D,W,L) (D,L,L,W,D) | လက်ချီ ၁-၂ လာဇီယို | လက်ချီ(ဧည့်) | ၅ | ၂ | ၁ | ၂ | ၅ | ၇ |
| ၂၄-၁၁-၂၀၂၅ | (၁) အင်တာမီလန် – အေစီမီလန်(၃) | အင်တာမီလန် ၁-၂ အေစီမီလန် | အင်တာ(အိမ်) | ၆ | ၅ | - | ၁ | ၁၇ | ၄ |
| နံနက် ၀၂း၁၅နာရီ | (W,L,W,W,W) (W,D,D,W,D) | အေစီမီလန် ၁-၁ အင်တာမီလန် | အေစီ(ဧည့်) | ၅ | ၂ | ၃ | - | ၈ | ၃ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၁၁-၂၀၂၅ | (၂) လိုက်ပဇစ် – ဗါဒါဘရီမင်(၈) | လိုက်ပဇစ် ၄-၂ ဗါဒါဘရီမင် | လိုက်ပဇစ်(အိမ်) | ၄ | ၄ | - | - | ၁၀ | ၃ |
| ည ၉း၀၀နာရီ | (D,W,W,W,L) (W,D,W,D,W) | ဗါဒါဘရီမင် ၀-၀ လိုက်ပဇစ် | ဗါဒါ(ဧည့်) | ၅ | ၁ | ၂ | ၂ | ၈ | ၁၁ |
| ၂၃-၁၁-၂၀၂၅ | (၁၆) စိန့်ပေါလီ – ယူနီယံဘာလင် (၁၁) | စိန့်ပေါလီ ၃-၀ ယူနီယံဘာလင် | စိန့်ပေါ(အိမ်) | ၅ | ၁ | ၁ | ၃ | ၆ | ၁၃ |
| ည ၁၁း၀၀နာရီ | (L,L,L,L,L) (L,W,L,D,D) | ယူနီယံဘာလင် ၁-၀ စိန့်ပေါလီ | ယူနီယံ(ဧည့်) | ၄ | ၁ | - | ၃ | ၄ | ၉ |



## မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန် စားအုန်းဆီဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ တက်ရောက်

**မကွေး နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီးအတွင်းရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲမျိုးလွင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ စားအုန်းဆီဖြန့်ဖြူးသည့် ကုမ္ပဏီများ၊ လက်လီ၊ လက်ကား ကိုယ်စားလှယ်များ၊MSME လုပ်ငန်းရှင်များ စုစုပေါင်း ၂၆၀ ကျော် တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်း ကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးသန့်စင်က စားအုန်းဆီဖြန့်ဖြူးရောင်းချမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲမျိုးလွင်က မိမိတို့ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်လည်း စားသုံးသူပြည်သူများထံသို့ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ၊ မရှိ၊ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများနှင့် ပူးပေါင်း၍ စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**

* - * - * - * - * - *

## မဟာမြိုင်ဘုံဆွမ်းလောင်းအသင်း (၃၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ပြည်သူများ ဘုံဆွမ်းလောင်းအသင်း၏ (၃၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို နတ်တော်လဆန်း ၁ ရက် နံနက် ၅ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ခရမ်းသီးနှပ်၊ ဆီးဖြူသီးသုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေ တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၁၂၀,၀၀၀ နှင့် သင်္ကန်း ၁၂ စုံတို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော(ကောင်းထက်မဟာနှင့် ကာဗာတိုင်းပြည်မိသားစု)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးရုံးရွှေ + ဒေါ်မိုးသန္တာအောင် (ရွှေသစ်ပင်ဟိုတယ်မိသားစု)၊ ဦးသာအေး+ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင် + ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးချိန်စီ + ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ မောင်ကျော်သက် မိသားစု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(မိုးပန်တော်ဦး အမျိုးသမီးအဆောင်မိသားစု)၊ ဦးကျော်လွင်+ဒေါ်ခင်စန်းကြည်(မြေရောင်/ဝယ်မိသားစု)၊ ကိုဆွေနိုင်ကို မိသားစု၊ နန်းဦးတိုက်၊ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုသုမ၊ ဆီးဖြူသီးသုပ်အလှူရှင် ပြင်ဦးလွင်မြို့၊ ပါအယ်ကျေးရွာ မိသားစုများ၊ ဦးဌေးရီ + ဒေါ်ဝင်းသီ မိသားစုများနှင့် ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၄ဝ)**



## ပို့ကုန်ပဲများ အဝယ်ပြန်သွက်လာခြင်းကြောင့် မြေပဲဆန်နှင့် ပဲဖတ်များ ဆက်လက်ဝယ်လိုအား ကောင်းနေ

ပို့ကုန်ပဲများ အဝယ်ပြန်သွက်လာပြီး မြေပဲဆန်နှင့် ပဲဖတ်များ ဆက်လက်ဝယ်လိုအားကောင်း ဈေးကောင်းရရှိနေကြောင်း ကုန်သည်များထံမှ သိရသည်။

လက်ရှိ နိုဝင်ဘာ ၂၂ ရက်တွင် ကမ္ဘာ့ရွှေဈေး၊ ဒေါ်လာဈေးမြင့်တက်လာခြင်းနှင့်အတူ ပို့ကုန် ပဲစင်းငုံ၊ မတ်ပဲဈေးမှာ အနည်းငယ် မြင့်တက်လာပြီး အဝယ်ပြန်သွက်လာကြောင်း ပြည်တွင်းမှာ ပဲဖတ်ဈေးကွက်ဈေးကောင်းရနေသောကြောင့်လည်း မြေပဲဆီဆန်မှာ အရောင်းအဝယ် ဆက်လက်ကောင်းနေကြောင်း၊ ပြည်တွင်း ပဲဖတ်ဈေးမှာ စံချိန်တင် ဈေးကောင်းရရှိနေခြင်းကြောင့် ဆီစက်ပိုင်များ ဆီကြိတ်အားများနေခြင်းဖြစ်ကြောင်း ပဲကုန်သည် ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

နိုဝင်ဘာ ၂၂ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၃၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၇၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်အတိုင်း အရောင်းအဝယ်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၄၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၈၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ နိုဝင်ဘာ ၂၂ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၂၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀ - ၈၅၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀၊ နှမ်းဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၊ နေကြာဖတ်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



## သာစည်မြို့နယ်အတွင်းရှိ ဧရိယာ ၅ ဒသမ ၉၆၃ ဧက ကျယ်ဝန်းသော နယ်မြေကို ကျောက်ဆည်ကန် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်

**သာစည် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အတွင်းရှိ ဧရိယာ ၅ ဒသမ ၉၆၃ ဧက ကျယ်ဝန်းသော နယ်မြေကို ကျောက်ဆည်ကန် ကြိုးပြင်ကာကွယ်တောအဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်လိုက်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ(၆)၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ နိုဝင်ဘာ ၆ ရက်က သတ်မှတ်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသ၏ သဘာဝတောကျန်များကို ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင်ဒေသများတွင် အပူချိန်လျော့နည်းကျဆင်းစေပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်၍ရာသီဥတုမျှတစေပြီး စိမ်းလန်းစိုပြည်စေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်အတွက် ကာကွယ်တောများ သတ်မှတ်ထိန်းသိမ်းလျက်ရှိသည်။

"မြေဆီလွှာတိုက်စားမှုတွေ တားဆီးကာကွယ်နိုင်ပြီး အပူပိုင်းသစ်တောများ ထိန်းသိမ်းဖို့ ရည်ရွယ်ပြီး ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်တာပါ။ ကျောက်ဆည်ကန် ကြိုးပြင်ကာကွယ်တော သတ်မှတ်လိုက်တဲ့အတွက် အဲ့ဒီဧရိယာအတွင်းပေါက်ရောက်လျက်ရှိတဲ့ ဒေသသစ်မျိုးရင်းတွေနဲ့ သဘာဝတိရစ္ဆာန်တွေ နေထိုင်ကျက်စားရာဒေသတွေကို ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်"ဟု သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုသတ်မှတ်သည့် ကျောက်ဆည်ကန်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ယင်းဧရိယာအတွင်းမှ ကညင်၊ သစ်ရာ၊ ပျဉ်းကတိုး၊ တမလန်း၊ တောင်သရက်၊ ယမနေစသည့် သစ်များနှင့် တောနေသတ္တဝါများဖြစ်သည့် ချေ၊ မျောက်၊ တောဝက်၊ ဘုတ်ငှက်၊ သစ်တောက်ငှက်စသည့် တိရစ္ဆာန်များ နေထိုင်ကျက်စားရာ စားကျက်များ ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ မြေဆီလွှာနှင့် မြေအောက်ရေထိန်းသိမ်းနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာ၍ ရာသီဥတုမျှတကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

## ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ် အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သော ရူပဗေဒဌာနမှ အငြိမ်းစားဆရာကြီး ဦးအောင်ကြည်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် အဖွဲ့ဝင်များက ချမ်းမြသာစည်မြို့နယ်၊ ၆၇(အေ)လမ်းနှင့် ၁၁၀(စီ)လမ်းထောင့်ရှိ နေအိမ်သို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြု ငွေကျပ် ငါးသိန်းပေးအပ်ကာ ကျန်းမာရေးမေးမြန်း၍ အားပေးစကားများပြောကြားခဲ့ကြသည်။ ဆရာကြီးကလည်း မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေကျပ် နှစ်သိန်း ပြန်လည်လှူဒါန်းခဲ့သည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှစပြီး ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၆၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် သိန်း ၇၀၀ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)(ဝ၄၅)**

# သတ္တဝါတိုင်းမှာ အာဟာရမရှိလို့ မဖြစ်ပါ

သတ္တဝါတိုင်းတွင် နံပါတ်(၁)အရေးကြီးဆုံးအရာတစ်ခုမှာ အသက်ရှင်သန်ရေးပင် ဖြစ်သည်။ သတ္တဝါအားလုံးအသက်ရှင်သန်ရေး၊ ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူအဖြစ် 'အာဟာရ'ဟူသော ဓာတ်ပေါင်းများစွာပါဝင်သည့် အစားအစာမျိုးစုံကို မှီတွယ်အားထားနေရသည်။

**'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ'**

အလုံးစုံသောသတ္တဝါတို့သည် အာဟာရပေါ်တွင် တည်မှီရသည်ဟူ၍ ဘုရားရှင်ကပင် ဟောတော်မူခဲ့သည်။ ရဟန်းတော်များအတွက်မူ 'ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး'ဟူသော ဒါနဝတ္ထုပစ္စည်းလေးပါးတွင် 'ဆွမ်း'ကို ဦးစားပေးပထမထား၍ ဟောညွှန်ပြခဲ့သည်။ ရဟန်းများ ဆွမ်းမမျှတလျှင် အသက်မရှည်ကြာနိုင်၊ ကျန်းမာစွာ သာသနာ့တာဝန်ကို မထမ်းဆောင်နိုင်ပေ။ သာသနာ့တာဝန်ကျေပွန်မှ သာသနာပြုရာ ရောက်ပါသည်။ ထို့ကြောင့် ဘုရားရှင်သည် ဆွမ်းအကျိုးကို မြင်တော်မူသဖြင့် ရဟန်းအပေါင်းအား 'ခြေသလုံးဒူးခေါင်းကိုရင်း၍ ရအပ်သော ဆွမ်းအာဟာရကိုသာ မှီဝဲသုံးဆောင်ရမည်'ဟူ၍ ပညတ်တော်မူခဲ့ပါသည်။

လူအများသည် မကြာခဏ ကျန်းမာရေးချို့တဲ့ကြသည်။ နေထိုင်မကောင်းဖြစ်ကြသည့်အခါ ဆေးရုံ၊ ဆေးခန်းသို့ ပြသကြသည်။ တာဝန်ကျဆရာဝန်များသည် ကုသရေးစနစ်အတိုင်း လူနာ၏ရောဂါအခြေအနေကိုကြည့်၍ 'ဘာရောဂါဖြစ်သလဲ' ဆိုသည့်အဓိကအဖြေကိုရချင်ဇောဖြင့် စမ်းသပ်သည်။ လိုအပ်လျှင် X.Ray ရိုက်သည်။ တတ်နိုင်သူများကို M.R.I ရိုက်သည်။ ငွေကုန်ကြေးကုန်များ၍ ရောဂါကိုရှာမတွေ့ဘဲ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများသည် သာမန်လုပ်ငန်းဆောင်တာများကို စွမ်းဆောင်လျက်ရှိနေသည်ကို တွေ့ရသည်။ သို့သော် စမ်းသပ်ခံလူနာတွင် အိပ်မပျော်ခြင်း၊ ညောင်းညာခြင်း၊ ထုံကျင်ကိုက်ခဲသဖြင့် အနှိပ်ခံနေရခြင်း၊ ခန္ဓာကိုယ်ပိန်ကျလာခြင်း၊ မှတ်ဉာဏ်အားနည်းလာခြင်း စသည့်ဝေဒနာတို့ ခံစားနေရသည်။ ဆရာဝန်အနေဖြင့် ရောဂါရှာဖွေခြင်းစနစ်အတိုင်း ဆောင်ရွက်ပေးခြင်း၊ ဆေးကုသမှုစနစ်၏အကောင်းဆုံးသော လုပ်ဆောင်မှုများဖြင့် ကြိုးစားပေးသည်ဆိုသော်လည်း လူနာကို ဘာတွေစားခဲ့သလဲ၊ နေ့စဉ်စားသောအာဟာရမှာ ဘာတွေလဲဆိုသည်ကိုမေးရန် မစဉ်းစားမိ၊ မေ့လျော့နေသည်။ တကယ်တော့ လူနာသည် အာဟာရချို့တဲ့သဖြင့် ရောဂါဝေဒနာများ ခံစားနေရခြင်းဖြစ်သည်။

သတ္တဝါတိုင်း ဓာတ်ကြီးလေးပါးဖောက်ပြန်လျှင် မကျန်းမမာဖြစ်စမြဲ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော စသည့် ဓာတ်ကြီးလေးပါး ညီညွတ်မျှတအောင် အာဟာရဓာတ်ကို မျှမျှတတ စားသောက်ပေးရန် လိုပါသည်။ ထိုအာဟာရကို အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များမှ ရရှိပါသည်။ အသား၊ ငါးမစားလျှင် ခိုင်မြဲသော ပရိုတင်း၊ ဗီတာမင်များ ချို့တဲ့ရသည်။ ဟင်းသီးဟင်းရွက်မစားလျှင်လည်း ၎င်းတို့မှရရှိသော ပရိုတင်း၊ ဗီတာမင်များ ကင်းလွတ်ရသည်။ ထို့ကြောင့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို နေ့စဉ် မျှတစွာစားသောက်မှသာ ခန္ဓာကိုယ်အတွက် လိုအပ်သော ပရိုတင်း၊ ဗီတာမင်များကို အချိုးအစားကျနစွာ ရရှိနိုင်မည်ဖြစ်သည့်အလျောက် အသက်ရှည်စွာ အနာကင်း၍ ကျန်းမာရွှင်လန်းစွာ နေထိုင်ရပါသည်။

လူ့ခန္ဓာကိုယ်ရပ်တည်မှုသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရပေါ်တွင် မူတည်သည်ဟု ဘုရားရှင်မိန့်တော်မူခဲ့သည်။ စားလိုက်သော အာဟာရမှ ခန္ဓာကိုယ်အတွက် စွမ်းအင်ရသည်။ ထိုစွမ်းအင်ကြောင့် သွားလာ၊ လှုပ်ရှား၊ စဉ်းစား၊ တွေးခေါ်နေရခြင်း ဖြစ်သည်။ လူသားတို့၏ပတ်ဝန်းကျင်သည် ဂေဟာစနစ်အရ အစဉ်ပြောင်းလဲနေသည်။ ကောင်းမွန်သန့်ရှင်းသော လေထုရှိသလို ညစ်ညမ်းမှုလည်း ဖြစ်သွားနိုင်သည်။ သန့်ရှင်းသောရေ သုံးဆောင်နေရာမှ မဖြစ်မနေ မသန့်သောရေများကို သုံးဆောင်ရတတ်သည်။ အစားအသောက်တို့မှာလည်း အစစ်ရှိသလို အတုအယောင်တွေလည်း ပေါများလှန်းလှသည်။ မိမိနေထိုင်ရာ အခြေအနေကောင်းမှသည် ပိုးမွှားမျိုးစုံ၊ ကူးစက်ရောဂါမျိုးစုံတို့ ပြည့်နှက်ရာ ဌာနေလည်းဖြစ်သွားနိုင်သည်။ ထို့ကြောင့် ခုခံကာကွယ်နိုင်အား အမြဲရှိနေဖို့ လိုပါသည်။ ခုခံအားကို အာဟာရရှိသော အစားအစာများမှ ရရှိသည်။ ခုခံအားကောင်းလျှင် မည်သည့်ပိုးမွှားမှ ဝင်ရောက်နိုင်မှု မရှိပေ။ ကျန်းမာရေးအမြဲကောင်းမွန်လျက် စိတ်ချမ်းသာနေပေလိမ့်မည်။

ဥပမာပြရလျှင် လူသိများသောရောဂါဖြစ်သည့် ကင်ဆာရောဂါကို ကာကွယ်နိုင်၊ ကုသနိုင်သောအရာသည် 'ခုခံအား'ပင် ဖြစ်သည်။ ကင်ဆာအကျိတ်ကို ဖြတ်ထုတ်နိုင်သည်ဆိုဦးတော့ မျက်စိဖြင့် မြင်နိုင်သောအရာကိုသာ ဖြတ်ထုတ်နိုင်ပေသည်။ မမြင်နိုင်သော ဆဲလ်များမှာ ကျန်ရစ်ပြီး ပြန့်ပွားသွားနိုင်သည်။ မပြန့်ပွားစေရန် နှိမ်နင်းနိုင်သော ဆဲလ်များလိုလာသည်။ ထိုအခါ ခုခံအား ရစေနိုင်သော အာဟာရကို စားပေးခြင်း၊ ရောဂါဖြစ်စေသည့် ဆဲလ်များ ကို တိုက်ဖျက်စေခြင်းဖြင့် ရောဂါပျောက်စေ၍ ချမ်းသာမှုရောက်စေနိုင်ပါသည်။ ဤနေရာတွင် အသိဉာဏ်ပညာရှိဖို့ လိုလာသည်။ မည်သည့် အစားအစာကို စားသုံးခြင်းဖြင့် အာဟာရဖြစ်နိုင်သည်ကို ရွေးချယ်တတ်ဖို့ပင်။ ကင်ဆာဖြစ်လျှင် လုံးဝမစားသုံးရသော အရာမှာ သကြားဓာတ်ဖြစ်သည်။ သကြားဓာတ်ကို ကင်ဆာဆဲလ်က ကြိုက်နှစ်သက်သည်။ သကြားဓာတ်မရှိလျှင် ကင်ဆာဆဲလ်သည် အသက်မရှင်နိုင်။ ခန္ဓာကိုယ်အတွက် သကြားဓာတ်မရှိလျှင်လည်း မဖြစ်ပေ။ သကြားဓာတ်မလွန်ကဲအောင် ခန္ဓာကိုယ်က အလိုလို ထိန်းညှိပေးပါသည်။ တရားထိုင်ပေးခြင်းဖြင့် ခုခံအားတိုးတက်စေပြီး ရောဂါဘယများ သက်သာပျောက်ကင်းခြင်းသည် ရောဂါဖြစ်စေသော ဆဲလ်များကို ခုခံဆဲလ်များက ဝိုင်းဝန်းနှိမ်နင်းပေးသောကြောင့် ဖြစ်သည်။

ခေတ်မီဆေးဝါးများသည် ဘေးထွက်ဆိုးကျိုးရှိသည်ဆိုရာတွင် အရေးကြီးလူနာများအဖို့ ချက်ချင်းသက်သာစေရန် သောက်ပေးဖို့ လိုသည်။ အမြဲတမ်း ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်ရရှိရန် ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများကို စားပေးဖို့ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက် များများစားပေးခြင်းဖြင့် အရွယ်အိုလာလျှင် ဖြစ်တတ်သော ခါးကိုင်းခြင်းကို ကာကွယ်စေသည်။ ခန္ဓာကိုယ်တွင် အက်စစ်ဓာတ်များပြားလာ၍ အရိုးများ ပါးလှပ်လာပြီး တဖြည်းဖြည်း ကွေးညွတ်လာခြင်းမှ ခါးကိုင်းခြင်းဖြစ်လာရသည်။ အရိုးများသန်မာ၍ မပျက်စီးစေရန် အယ်လ်ကလိုင်းများစွာ ပါဝင်သော ဟင်းသီးဟင်းရွက်များကို စားပေးရသည်။ ဟင်းသီးဟင်းရွက် သတ္တုရည်များကိုလည်း သောက်သုံးနိုင်သည်။ ၎င်းတွင် သဘာဝအာဟာရဓာတ်ပြည့်ဝစွာ ပါဝင်ပါသည်။

ဟင်းသီးဟင်းရွက်များကို စားသုံးမည်ဆိုလျှင် စနစ်တကျ ဆေးကြောဖို့ လိုပါသည်။ သို့မှသာ ပိုးမွှား၊ အဆိပ်အတောက်ကင်းစင်မည် ဖြစ်သည်။ ဟင်းသီးဟင်းရွက်ဆေးကြောရာတွင် ရေတစ်ဂါလန်ကို ရှာလကာရည် ထမင်းစားဇွန်း နှစ်ဇွန်း ထည့်၍ မွှေပေးပြီး ဟင်း သီးဟင်းရွက်များကို ငါးမိနစ်ခန့် စိမ်ထားရသည်။ ရေစစ်ပြီးနောက် နှစ်လက်မခန့် ပိုင်းဖြတ်ပြီး ကြိတ်စက်(Blender) ထဲသို့ ထည့်၍ ကြိတ်ပေးရသည်။ ရလာသော အရည်များကို စစ်ထုတ်၍ သောက်ပေးလျှင် ခုခံအားကောင်းသော အာဟာရဓာတ်ကို ပြည့်ဝစွာ ရရှိစေပါသည်။ များသောအားဖြင့် လွယ်ကူစွာရရှိနိုင်သော ကိုက်လန်ရွက်၊ ဟင်းနုနယ်ရွက်၊ တရုတ်နံနံ၊ ရဲယိုရွက်၊ မုန်လာဥနီ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ဘရိုကိုလီ(ခေါ်) ဂေါ်ဖီစိမ်း စသည်တို့ကို အမြဲတမ်း အားလုံးမဟုတ်တောင် တစ်နေ့ နှစ်မျိုး၊ သုံးမျိုးစီ အရည်ဖန်တီး၍ သောက်သုံးပေးခြင်းဖြင့် ဆေးဝါး မသုံးစွဲရဘဲ ရောဂါကင်းစင်၍ ကျန်းမာရေးကောင်းနေမည် ဖြစ်သည်။ ဟင်းသီးဟင်းရွက်တွင် ဗီတာမင်ပေါင်းစုံ ပါဝင်နေပြီး အာဟာရပြည့်ဝစွာ ပါဝင်နေသောကြောင့် ဖြစ်သည်။

ဟင်းသီးဟင်းရွက်၊ အသား၊ ငါး ချက်ပြုတ်စားသောက်ရာတွင်လည်း ဒန်အိုးအစား သံဒယ်၊ သံအိုးတို့ကို ပြောင်းလဲသုံးသင့်သည်။ ဒန်အိုးမှ ဒန်ဆိပ်များအစားအစာထဲတွင် ပါလာပြီး စားသောက်မိပါက အဆိပ်အတောက်များ၊ ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပြီး ဒုက္ခပေးနိုင်သည်။ သံဒယ်၊ သံအိုးများကို အသုံးပြုပါက လူကို အကျိုးပြုသော သံဓာတ်များစွာကို စားသုံးရသလိုဖြစ်ပြီး ခန္ဓာကိုယ်ကို ကျန်းမာကြံ့ခိုင်စေပါသည်။

အဆိပ်သင့် စားသောက်စရာများ ပေါများလာသောခေတ်တွင် မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်အောင်၊ အနာရောဂါကင်းစင်အောင် ရွေးချယ်စားသုံးသင့်သည်။ အသိပညာ၊ အတတ်ပညာများ ကိုယ်စီပိုင်ဆိုင်သော လူသားတို့သည် အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုးကို ခွဲခြားတတ်သော ဆင်ခြင်တုံတရားရှိသည်နှင့်အမျှ မိမိခန္ဓာကိုယ်အတွက် (သို့မဟုတ်) အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်ကို ဖြည့်စွက်စားသုံးတတ်သော အလေ့အကျင့်ကောင်းများ၊ စားသောက်နေထိုင်တတ်သော အသိအလိမ္မာများ ဆတက်ထမ်းပိုး ရရှိကြပြီး ကျန်းမာပျော်ရွှင်သော လူ့ဘောင်တစ်ရပ် ဖြစ်ထွန်းတည်တံ့ပါစေကြောင်း မေတ္တာလောင်း၍ အာဟာရနှင့်ပတ်သက်သော အသိပညာတို့ကို တတ်ကျွမ်းနားလည်သည့် ဆရာဝန်ကြီးများ၏ စကားအမှာကို ထပ်ဆင့်ဝေငှ ကုသိုလ်ပြုလိုက်ရပါကြောင်း … ။

**သောင်းမြင့်ဇော်(သုံးဆယ်မြေ-မန္တလေး)**

## တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ သစ်တောထိန်းသိမ်းရေး(ခရိုင်အဆင့်)အသိပညာပေးဟောပြော

**မူဆယ် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်တွင် တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ သစ်တောထိန်းသိမ်းရေး (ခရိုင်အဆင့်) အသိပညာပေးဟောပြောပွဲကို မူဆယ်မြို့ အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးလွှမ်းမိုးအောင်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်ရခြင်းအကြောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဦးက မီးခိုးမြူငွေ့လျှော့ချစေရန်၊ မြေဆီလွှာပျက်စီးမှုကို လျှော့ချနိုင်ရန်၊ ဓာတုဓာတ်မြေဩဇာများအသုံးပြုမှုကို ထိန်းချုပ်နိုင်ရန်၊ အပင်၏အမြစ်များကို မြေသားအတွင်း ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုစေရန်နှင့် စိုက်ပျိုးရေးတွင် အဓိကအသုံးပြုရမည့် မြေဩဇာအီးအမ်ဘိုကာရှီ ထုတ်လုပ်မှုကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က မီးခိုးမြူငွေ့အမျိုးအစားများနှင့် ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ သစ်တောဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဟိန်းက မြန်မာနိုင်ငံတွင်တွေ့ရှိရသော သစ်တောအမျိုးအစားများ၊ သစ်တောသစ်ပင်ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ သစ်ပင်ပျိုးပင်များ ဖြန့်ဝေပေးမှုအခြေအနေ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။



(အပေါ်ပုံ)

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းမှုကိုဖြေကြားခဲ့ပြီး အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

| အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဘန်လေ | ၀ | - | ၂ | ချဲလ်ဆီး |
| လီဗာပူး | ၀ | - | ၃ | နော်တင်ဟမ် |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၀ | - | ၃ | ဘိုလော့ညာ |
| ဖီအိုရင်တီးနား | ၁ | - | ၁ | ဂျူဗင်တပ် |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၆ | - | ၂ | ဖရိုင်းဘတ် |
| ဒေါ့မွန် | ၃ | - | ၃ | စတုဂတ် |

# ရာနှင့်ချီသည့်ကားမော်ဒယ်သစ်များဖြင့် လော့စ်အိန်ဂျလိစ် ကားပြပွဲ ဖွင့်လှစ်

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၂**

၂၀၂၅ ခုနှစ် လော့စ်အိန်ဂျလိစ် ကားပြပွဲကို နိုဝင်ဘာ ၂၁ ရက်က ဖွင့်လှစ်ခဲ့ပြီး အဆိုပါပြပွဲတွင် တစ်ကမ္ဘာလုံးရှိ ထိပ်တန်းကားထုတ်လုပ်သူများထံမှ ရာနှင့်ချီသည့် ကားအသစ်များ၊ ထရပ်ကားများ၊ ဟိုက်ဘရစ်ကားများနှင့် လျှပ်စစ်ကားများကို ပြသထားသည်။




မြောက်အမေရိက၏ အဆင့်မြင့်မားလှသည့် မော်တော်ကားပြပွဲကြီးတွင် လာရောက်ကြည့်ရှုသူများသည် ကားအမှတ်တံဆိပ်အသစ်များကို စူးစမ်းလေ့လာခွင့်၊ ကားစွမ်းဆောင်ရည်များကို နှိုင်းယှဉ်ကြည့်နိုင်ခွင့်နှင့် စမ်းသပ်မောင်းနှင်ရာ လမ်းပေါ်တွင် ကားများ စမ်းသပ်မောင်းနှင်ခွင့်တို့ ပေးထားသည်။

ယခုနှစ်ပြပွဲတွင် ကားအစီးရေ ၅၀ ကျော်ကို စမ်းသပ်မောင်းနှင်နိုင်မည်ဖြစ်ပြီး လာရောက်သူများအနေဖြင့် အမျိုးအစားမတူညီသည့်ကားများကို နှိုင်းယှဉ်စမ်းသပ်ကြည့်နိုင်ခွင့် ရရှိမည်ဖြစ်သည်။ ပြပွဲကို လော့စ်အိန်ဂျလိစ် ကွန်ဗင်းရှင်းစင်တာတွင် နိုဝင်ဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြပွဲကို ၁၉၀၇ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် အဓိကပြပွဲကြီးအဖြစ် ကြီးထွားလာခဲ့ပြီဖြစ်သည်။ နှစ်စဉ် ခရီးသည် သိန်းချီကို ဆွဲဆောင်နိုင်ခဲ့ပြီး မြို့တော်အတွက်စီးပွားရေးအကျိုးအမြတ် ဒေါ်လာသန်းရာနှင့်ချီ၍ ဖြစ်ထွန်းစေသည်။

**ဆင်ဟွာ**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# တရုတ်နိုင်ငံရှိ လဲ့ရှမ်းရောမ ဗုဒ္ဓရုပ်ပွားတော်ကြီးသို့ နိုင်ငံတကာခရီးသွား ၃၀၀၀၀၈၉၈ ဦး လာရောက်

**ပေကျင်း နိုဝင်ဘာ ၂၂**

ပြည်ပဧည့်သည်များသည် တရုတ်နိုင်ငံရှိ အကြီးဆုံးကျောက်ဆောင်ကို ထွင်းထုထားသည့် လဲ့ရှမ်းရောမဗုဒ္ဓရုပ်ပွားတော်၏ ခမ်းနားကြီးကျယ်မှုကို အံ့သြချီးကျူးကြပြီး ထိုထင်ရှားသော ရုပ်ပွားတော်ကြီးနှင့်အတူ ပုံစံအမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ယူနေကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၃၀၀ ကျော်က တောင်စောင်းတွင် ထွင်းထုထားသည့် ၇၁ မီတာ(၂၃၃ ပေ)မြင့်သော ထိုမေတ္တေယျဗုဒ္ဓဆင်းတုတော် ထိုင်တော်မူသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၊ လဲ့ရှမ်းမြို့ရှိ မဖြစ်မနေ လာရောက်လည်ပတ်သင့်သော ဆွဲဆောင်မှုရှိသည့် နေရာတစ်ခု ဖြစ်သည်။

ဗီဇာလွယ်ကူချောမွေ့စေရေး မူဝါဒများ၊ ကြွယ်ဝသော ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး လုပ်ငန်းများ၊ ပိုမိုကောင်းမွန်လာသော ဝန်ဆောင်မှုများ၏ အရှိန်အဟုန်ကြောင့် "တရုတ်ခရီးသွားခြင်း" သည် နိုင်ငံတကာခရီးသွားများအကြား ဆက်လက်အရှိန်အဟုန်ရရှိနေသည်။ တုံ့ပြန်သည့်အနေဖြင့် လဲ့ရှမ်းရောမဗုဒ္ဓရုပ်ပွားတော်အပါအဝင် တစ်နိုင်ငံလုံးရှိ ခရီးသွားဆွဲဆောင်ရာနေရာများသည် ပြည်ပဧည့်သည်များကို ဆွဲဆောင်ရန်အတွက် ၎င်းတို့၏ ကြော်ငြာအားထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်နေသည်။

လဲ့ရှမ်းရောမ ဗုဒ္ဓရုပ်ပွားတော်ကို အမေတောင်နှင့်အတူ ၎င်း၏ ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုအတွက် ၁၉၉၆ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် စာရင်းသွင်းခဲ့သည်။

အဆိုပါ ရုပ်ပွားတော်ကြီး၏ ဆွဲဆောင်မှုသည် ကိန်းဂဏန်းများတွင် ထင်ဟပ်လျက်ရှိရာ တရားဝင်အချက်အလက်များအရ နိုဝင်ဘာလ ၁၁ ရက်နေ့အထိ လဲ့ရှမ်းရောမဗုဒ္ဓ ရှုခင်းသာဒေသသည် နိုင်ငံတကာခရီးသွား ၃၀၀၀၀၈၉၈ ဦး လက်ခံရရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၄၄ ဒသမ ၇၄ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

ဧည့်သည်များ လာရောက်သည့် ထိပ်တန်းနိုင်ငံ ငါးနိုင်ငံမှာ မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်တို့ ဖြစ်ကြောင်း သိရသည်။

**Mon**

# ပထမဆုံးအကြိမ် တီ ၂၀ ခရစ်ကက်ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အိန္ဒိယမျက်မမြင်အမျိုးသမီးများ အကြိုဗိုလ်လုပွဲ တက်ရောက်

**ဒေလီ နိုဝင်ဘာ ၂၂**




လက်ရှိကျင်းပနေသည့် မျက်မမြင်အမျိုးသမီးများအတွက် ပထမဆုံးအကြိမ် တီ ၂၀ ခရစ်ကက်ကမ္ဘာ့ဖလားပြိုင်ပွဲသည် အဆီးအတားများကို ကျော်လွှားကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာခဲ့ကြသည့် အမြင်အာရုံချို့ယွင်းနေသော အိန္ဒိယအမျိုးသမီးများကို အာရုံစိုက်မှုရရှိစေခဲ့ကြောင်း သိရသည်။

အဆိုပါ မျက်မမြင်အမျိုးသမီးများသည် ကျေးလက်ဒေသများ၊ တောင်သူလယ်သမားမိသားစုများနှင့် မြို့ငယ်လေးများရှိ ဘော်ဒါဆောင်များမှ ဆင်းသက်လာကြပြီး များစွာသောသူများသည် လွန်ခဲ့သောနှစ် အနည်းငယ်အတွင်းမှသာ အဆိုပါအားကစားနည်းကို လေ့လာခဲ့ကြသည်ဟု ဆိုသည်။

အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စု စသည့် ခြောက်သင်းပါဝင်သည့် အဆိုပါ တီ ၂၀ ပြိုင်ပွဲကို နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဒေလီမြို့၌ စတင်ခဲ့သည်။

ဘန်ဂလိုမြို့၌ ပွဲစဉ်အချို့ကစားပြီးနောက် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲတို့အတွက် ကျင်းပမည့်နေရာကို ယခုအခါ သီရိလင်္ကာနိုင်ငံ၏ မြို့တော် ကိုလံဘိုသို့ ပြောင်းရွှေ့ခဲ့သည်။

အိန္ဒိယအသင်း၏ ၁၆ ဦးပါ ကစားသမားများသည် ကာနာတာကာ၊ မဟာရာရှ်တရာ၊ ရာဂျစတန်၊ မဒ်ယာပရာဒက်ရှ်၊ အန်ဒရာပရာဒက်ရှ်၊ အိုဒစ်ရှား၊ ဒေလီ၊ အာသံနှင့် ဘီဟာ စသည့် ပြည်နယ်ကိုးခုမှ ကိုယ်စားပြုကြသည်။ ကစားသမားအများစုသည် ကျောင်းဆရာများ၊ မသန်စွမ်းအဖွဲ့အစည်းများ သို့မဟုတ် လူမှုအသိုင်းအဝိုင်းစခန်းများမှတစ်ဆင့် အဆိုပါအားကစားနည်းနှင့် စတင်ထိတွေ့ခဲ့ကြကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ဖင်လန်အခြေစိုက် နိုကီယာတယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီ အမေရိကန်တွင် ဒေါ်လာ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထား

**ဟယ်လ်စင်ကီ နိုဝင်ဘာ ၂၂**

ဖင်လန်နိုင်ငံမှ နိုကီယာက ဉာဏ်ရည်တုဖြင့်မောင်းနှင်သည့် ကွန်ရက်ချိတ်ဆက်မှုဆိုင်ရာ တိုးတက်မှုများကို အရှိန်မြှင့်တင်ရန်အတွက် သုတေသန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်ရေးတို့ကို ပစ်မှတ်ထား၍ အမေရိကန်ပြည်ထောင်စုတွင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်ဟု ပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဆက်သွယ်ရေးပစ္စည်းထုတ်လုပ်သူက ရင်းနှီးမြှုပ်နှံမှု၏ ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကို သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်ဟု ပြောကြားသည်။ ထို့ပြင် ဒေါ်လာသန်း ၅၀၀ ကို တက္ကဆက်၊ နယူးဂျာစီနှင့် ပင်ဆယ်ဗေးနီးယားအပါအဝင် ပြည်နယ်များရှိ ကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များအတွက် သုံးစွဲမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။




မြောက်အမေရိကတွင် စက်ရုံတစ်ဒါဇင်ကျော်ကို လည်ပတ်နေပြီး နယူးဂျာစီရှိ ဘဲလ်ဓာတ်ခွဲခန်းများကို ပိုင်ဆိုင်သည့် နိုကီယာသည် ဉာဏ်ရည်တု(AI)ကို အလေးထားကာ လုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျ ရီးရှင်းစေရန် ရည်ရွယ်သည့် မဟာဗျူဟာအသစ်ကို ယခင်အပတ်က မိတ်ဆက်ခဲ့သည်။

အောက်တိုဘာလ အစောပိုင်းတွင် အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တွေ့ဆုံစဉ် ဆွေးနွေးခဲ့သည့် အကြောင်းအရာများထဲမှ တစ်ခုမှာ နိုကီယာဖြစ်သည်ဟု ဖင်လန်သမ္မတ အလက်ဇန္ဒားစတပ်ဘ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကာမြို့တော်၏ အပြင်ဘက်တွင် အင်အားပြင်း မြေငလျင်လှုပ်၊ လူ ငါးဦး သေဆုံး

**ဒက္ကာ နိုဝင်ဘာ ၂၂**

ကျန်းမာရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေထူထပ်သော ဒက္ကာမြို့တော်၏ အပြင်ဘက်တွင် နိုဝင်ဘာလ ၂၁ ရက်က အင်အားပြင်း မြေငလျင်လှုပ်ခဲ့ရာ လူအနည်းဆုံး ငါးဦး သေဆုံးကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန် ဘူမိဗေဒတိုင်းတာရေးဌာန၏ အဆိုအရ ပြင်းအား ၅ ဒသမ ၅ ရှိသော အဆိုပါငလျင်သည် ဒါကာမြို့မှ ၃၃ ကီလိုမီတာခန့် ကွာဝေးသည့် နာစင်ဒီမြို့အနီးတွင် နံနက် ၁၀ နာရီ ၃၈ မိနစ်တွင် လှုပ်ရှားခဲ့သည်။

အဆိုပါငလျင်သည် လူဦးရေ သန်း ၁၇၀ ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အားလပ်ရက်ဖြစ်၍ အိမ်တွင်ရှိနေကြသော လူများစွာတို့အား ထိတ်လန့်တုန်လှုပ်မှု ဖြစ်ပေါ်စေခဲ့သည်။

အဆောက်အအုံများ တုန်ခါပြီး ယာယီဆောက်လုပ်ထားသည့် အဆောက်အအုံအချို့ ပြိုကျခဲ့သည့်အတွက် မြို့ခံများသည် ၎င်းတို့၏ နေအိမ်များမှ အလုအယက် ထွက်ပြေးခဲ့ကြသည်ဟု မျက်မြင်သက်သေများက ပြောကြားကြောင်း သိရသည်။

**Mon**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး



## ဒုတိယအကြိမ် မဲစာရင်းများကြေညာထား

**မန္တလေး နိုဝင်ဘာ ၂၂**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ဒုတိယအကြိမ် မဲစာရင်းများကို ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းမှစ၍ ကြေညာထားလျက်ရှိသည်။

ထိုသို့ ဒုတိယအကြိမ်မဲစာရင်းများ ကပ်ထားကြေညာထားရာသို့ မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ လာရောက်ကြည့်ရှုလျက်ရှိရာ မဟာအောင်မြေခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးထွန်း၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးသက်ဆွေဦး၊ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုစစ်ဆေးရာ ချမ်းအေးသာစံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင် ဦးနန္ဒ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်စုလှဲ့ရည်ထွေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့က မဲစာရင်းလာရောက်ကြည့်ရှုကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ သက်ဆိုင်ရာ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာခြင်းကို နိုဝင်ဘာ ၂၁ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ကြေညာပေးသွားမည်ဖြစ်ကာ မိမိတို့၏ အမည်များမဲစာရင်းတွင် ပါဝင်မှု ရှိ၊ မရှိ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(ဝ၄၁)**

## ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို ပြည်သူများလာရောက်ကြည့်ရှု

**မူဆယ် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ မဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ်ကပ်ထားကြေညာခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းမှစ၍ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများရှိ ကြော်ငြာဘုတ်များတွင် ကြေညာထားကြောင်း သိရသည်။

ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ရက်ထိ ၁၄ရက်ကြာ ကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းများကို လာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကိုလာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊



လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများတွင် အခမဲ့ထုတ်ယူနိုင်ကြောင်း မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆိုပါ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားသော နေရာများသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် မဲရုံအသီးသီးတွင် ပြည်သူများမှလည်း မိမိတို့အမည် မဲစာရင်းတွင် ပါ၊ မပါ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**(အပေါ်ပုံ) အောင်ရဲကျော်**

## မြို့မ နှစ်(၁၀၀)ပြည့်

\- - - - - - - - - -

* ဝါသနာရှင်များနဲ့ ဖွဲ့စည်း
ဂီတရေစီးကြောင်းထဲဝယ်
မျောပါခံစားပြီး
အလှူပွဲများ
ဘာသာရေးပွဲများမှာ
ဂန္ထဝင်တေးသွားတွေနဲ့
ဖျော်ဖြေတင်ဆက်
ဂီတကို ဖက်တွယ်ခဲ့ကြသူ ။

* ၁၉၂၅ မှာ
မြို့မ အမည်ပြောင်းပြီး
ဂီတနဲ့ ခရီးဆက်
ရွှေရတုသဘင် ၊ စိန်ရတုသဘင်
ဆင်ယင်ကျင်းပခဲ့ကြတယ် ။

* ၂၀၂၅ မှာ
မြို့မ ရာပြည့်သဘင်
ခမ်းနားစွာ ဆင်ယင်ကျင်းပ
အနာဂတ်ထိ ခရီးဆက်ကြမှာပါ ။

* မြို့မ ...
မြို့အလှကို ဂီတနဲ့ ဖန်ဆင်း
ခွန်အားတွေ ဖြည့်တင်းပြီး
မနက်ဖြန်တွေကို ထားရစ်
ရှေးနှစ်ပေါင်းများစွာ
စုစည်းရှင်သန်နေဦးမှာပါ ။ ။

ခိုင်ဆက်ဝေ




## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ အကြိုလှုပ်ရှားမှုအထိမ်းအမှတ် Gender Based Violence(GBV) အသိပညာပေးသင်တန်း ဖွင့်လှစ်

**သရက် နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ အကြိုလှုပ်ရှားမှု အထိမ်းအမှတ် Gender Based Violence (GBV) အသိပညာပေး သင်တန်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက သရက်မြို့ မှုလတန်းကြိုကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းက ပြောကြားရာမှာ မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို ဥပဒေကြောင်းအရ ပိုမိုကာကွယ်ပေးနိုင်ဖို့အတွက် အမျိုးသမီးများ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကို ရေးဆွဲထားရှိပြီး ဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေနဲ့ အမျိုးသမီးအခွင့်အရေးမြှင့်တင်ဖော်ဆောင်တဲ့လုပ်ငန်းများ ဆောင်ရွက်ရာမှာ မူဝါဒ(၄)ရပ်၊ လုပ်ငန်းတာဝန်(၁၂)ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် သရက်ခရိုင် လူမှုဝန်ထမ်းရုံးလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်ဖောဝါးက သင်တန်းကို ဆက်လက်ပို့ချပေးခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**

* - * - * - * - * - *



## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၀)၊ ဦးပိုင်အမှတ်(၂၃-မ၊ ၂၂-င)၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမြင့်(ခ)တင်မြင့်(၉/မရတ(နိုင်)၀၄၀၀၈၈)၊ ဒေါ်ငွေးငွေး(၉/မရတ(နိုင်)၀၄၀၀၈၇)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်((၈၅၄၁/၂၀၂၃)၊ (၈၅၄၀/၂၀၂၃)တို့ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်စန္ဒာထွန်း(၉/မဟမ(နိုင်)၀၅၇၆၀၇)က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အကွက်အမှတ်(၅၉၉)၊ ဦးပိုင်အမှတ်(၆၁)၊ စစ်ကိုင်း-မန္တလေးကားလမ်း၊ ဆောင်းဒါးရထွန်းကျောင်းအနီးရှိ ဦးခင်မောင်ရင်အမည်ပေါက်ဂရန်မြေကွက် အား ဖခင် ဦးခင်မောင်ရင်၊ မိခင် ဒေါ်မြင့်မြင့်စန်းတို့ကွယ်လွန်၍ ကျန်ရစ်သူသား၊ သမီးများ ဖြစ်ကြသော ဒေါ်ခင်သူဇာလှိုင်(၉/အမရ(နိုင်)၁၀၃၇၉၄)၊ ဦးမင်းထိုက်(၉/အမရ(နိုင်)၁၁၀၉၄၈)၊ ဦးသန်းထိုက်(၉/အမရ(နိုင်)၁၁၂၃၂၂)၊ ဒေါ်ဇာခြည်လှိုင်(၉/အမရ(နိုင်)၁၂၅၈၁၅)၊ ဦးလှိုင်မင်းသိန်း (၉/အမရ(နိုင်)၁၄၄၁၈၆)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ် ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် ခဲစင်းပြတောင်ဘက် ခြမ်းစွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပျောက်ဆုံးကြောင်း

ဦးမျိုးဇင်ဝင်း(ဘ)ဦးညွန့်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၁၄၄၅၀၂)ကိုင်ဆောင်သူ၏ Passport No-မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

**ဦးမျိုးဇင်ဝင်း**

**ဖုန်း ၀၉-၄၄၁၃၀၉၉၉၈**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၂)၊ ဦးပိုင်အမှတ်(၃၈)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၇၂၄/၉၁-၉၂)အရ ဦးမျိုးမြင့် မှတ်ပုံတင်အမှတ်(CHU-၀၀၄၄၇၃)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်အိအိမွန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၁၈၂၈၁၇)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်E(အီး)၊ ဦးပိုင်အမှတ်(၂၂)၊ ၆၆လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားရှိ ဒေါ်ခေါင်လျံခေးအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၇၀၂/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးအိုက်ညွန့်(ခ)အောင်ငွေး၊ ဒေါ်အားယွေ့(ခ)ကြူကြူဝင်း၊ ဦးအိုက်ပေါက်(ခ)ရှင်းအောင်၊ ဒေါ်အားမြင့်(ခ)ဝင်းဝင်းခင်တို့ (၄)ဦးအနက် ဒေါ်အားယွေ့(ခ)ကြူကြူဝင်း ပါ(၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၅၀၉/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးအိုက်ညွန့်(ခ)အောင်ငွေး(၉/မရမ(နိုင်)၀၇၈၅၇၁)က အမှုတွဲအမှတ်(၃၆၂၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၂)၊ ဦးပိုင်အမှတ်(၄-င+စ-က)၊ ၄၂လမ်းနှင့် ၄၃လမ်းကြား၊ ၅၁လမ်းနှင့် မန္တလေး-ပြင်ဦးလွင်မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတွမ်ရဲလှ(ခ)ရဲလှထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃၅၉/၂၀၁၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြနှင်းဝေ၏(SPရရှိသူ ဒေါ်ဆွေမွန်လတ်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၇၄၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်ဝင်းဆွေ(၉/ခအဇ(နိုင်) ၀၃၉ ၆၈၉)က အမှုတွဲအမှတ်(၃၅၉၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၉-၂၀၂၅၊ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၂၁၊ အကွက် ဖ-၁၀၊ ဦးပိုင်(၇)၏ ကြော်ငြာစာတွင် အကွက်(ဖ-၁၀)၊ ဦးပိုင်အမှတ် (၇)ခဲစင်းအရှေ့ခြမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၀)၊ ဦးပိုင်အမှတ်(၂၂-ဓ)၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ငွေးငွေး(၉/မရတ(နိုင်)၀၄၀၀၈၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၅၄၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်စန္ဒာထွန်း(၉/မဟမ(နိုင်)၀၅၇၆၀၇)က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကဗျာဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်) အသက်(၉၁)နှစ်

## (အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆု၊ တော်ဘုရားလေးစာပေဆု၊ အလင်္ကာကျော်စွာဆု) ရ

တံတားဦးမြို့ နီးပါးတန်းရပ်နေ (ဦးချွန်)(ဒေါ်မမကြီး)တို့၏ သားကြီး၊ ဆရာမ ဒေါ်ညွန့်ညွန့်၏ ခင်ပွန်း၊ ကိုဝင်းခိုင်+မနွယ်နွယ်ဦး(မနီတာ)၊ ကိုငွေးဇော်+မမေခိုင်ဦး၊ ကိုကျော်ကျော်၊ ကိုဗဟိန်းတင်+မဆွေဆွေထွေး၊ မမိုးမိုးကြည်၊ မလွင်လွင်တိုး၊ ကိုသက်ဝင်း+မပိုးပိုးသဲထွေးတို့၏ ဖခင်ကြီး၊ မြေး(၆)ယောက်၊ မြစ်(၃)ယောက်တို့၏ အဘိုး

**ဦးကိုလေး (ကိုလေး အင်းဝဂုဏ်ရည်) အသက်(၉၁)နှစ်**

သည် ၂၂-၁၁-၂၀၂၅ရက်၊ စနေနေ့ နံနက်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၃-၁၁-၂၀၂၅ရက်(တနင်္ဂနွေနေ့)၊ မွန်းလွဲ(၁)နာရီတွင် တံတားဦးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **(ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁၁-၂၀၂၅ရက်၊ တံတားဦးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်)**

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၆)၊ ဦးပိုင်အမှတ်(၉)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ သခင်ဖိုးလှကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြားရှိ ဦးတင်မောင်အမည်ပေါက် တောဂရန်မြေကွက်အားတရားလို ဦးမောင်မြင့်က တရားပြိုင် ဦးတင်မောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၄၃/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးမောင်မြင့်(၉/မရမ(နိုင်)၀၇၁၇၆၀)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၀-၂)၊ ဦးပိုင်အမှတ်(၁၆)၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်နိုင်မြင့်(၉/မနမ(နိုင်)၁၂၂၈၅၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၇၆၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးလွင်ထွန်း(၅/ခဥန(နိုင်)၀၆၉၁၃၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၄)၊ ဦးပိုင်အမှတ်(၁-စ)၊ လမ်း၂၀၊ ၈၁လမ်းထောင့်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်စောင်ဟွေရင်(ခ)ဆွေဆွေသင်း(၉/မနမ(နိုင်)၀၉၈၃၈၃)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၆)၊ ဦးပိုင်အမှတ်(၁၅)ခဲစင်းမြောက်ခြမ်း၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ဗညားဒလနှင့် သမိန်ပရမ်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်မြင့်(၉/မနတ(နိုင်)၀၃၀၆၈၈)၊ ဒေါ်အုန်းဝင်း(၉/မနတ(နိုင်)၀၂၈၇၀၅)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၃၉၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်ဝင်းရွှေ(၉/နထက(နိုင်)၁၀၉၄၄၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၂)၊ ဦးပိုင်အမှတ်(၄၂-က)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနေဇာထွန်း(၅/ကဘလ(နိုင်)၁၄၁၂၇၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၆)၊ ဦးပိုင်အမှတ်(၄၉)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမြစံ(၉/အမရ(နိုင်)၀၄၂၄၃၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၁၅/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသူရစိုး(၉/ပကခ(နိုင်)၀၁၂၀၇၆)က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(ခ/၁၄၄)၊ ရန်-မန်းကားလမ်း အနောက်ဘက်၊ မဇင်သိန်းလမ်းတောင်ဘက်ရှိ ဦးခင်မောင်ဦးအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၈၁၅/၂၀၂၅)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်လဲ့လဲ့ဝင်း(၈/ခမန(နိုင်)၁၃၅၇၀၂)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၁၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်မင်း(၉/မရမ(နိုင်)၀၃၇၆၄၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၀၆-က)၊ ဦးပိုင်အမှတ်(၂-စ)ခဲစင်းအရှေ့ခြမ်း၊ ၂၂လမ်းကြားနှင့် သင်္ဘောချောင်းပတ်လမ်းရှိ ဦးဝင်းမောင်(ခ)ဦးဝင်းဆောင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးဝင်းမောင်(ခ)ဦးဝင်းဆောင်၊ မိခင် ဒေါ်တင်မာတို့ကွယ်လွန်၍ ကျန်ရစ်သူ သမီးများဖြစ်ကြသော ဒေါ်ဝါဝါမိုး(၉/မနတ(နိုင်)၀၀၄၄၈၈)၊ ဒေါ်ဝါဝါစိုး(၉/မနတ(နိုင်)၁၀၁၈၈၀)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁)၊ ဦးပိုင်အမှတ်(၁၆)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးလှိုင် (၉/ပကခ(နိုင်)၀၀၃၂၈၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၇၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆွန်ရှု(၉/မရမ(နိုင်)၀၇၈၄၀၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁)၊ ဦးပိုင်အမှတ်(၄၁)၊ ၃၈လမ်း၊ ၆၉လမ်းနှင့် ၆၉(A)လမ်းကြားရှိ ဦးလေးမောင်း၊ ဒေါ်တင်ချိုအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၆၄၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးမျိုးဝဏ္ဏအောင်(၉/မရမ(နိုင်)၀၀၅၅၈၈)၊ ဒေါ်စန္ဒာစိုး(၉/မရမ(နိုင်)၀၈၈၆၀၂)၏(SPရရှိသူ ဦးမျိုးဝဏ္ဏအောင်)၎င်းကိုယ်တိုင်နှင့်အတူ အမှုတွဲအမှတ်(၃၅၉၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ MSME လုပ်ငန်းများ၏ရည်ရွယ်ချက်မှာ ပြည်ပသွင်းကုန် အစားထိုးရန်၊ နိုင်ငံ့စီးပွားရေးကို အားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့က နိုင်ငံခြားငွေရှာဖွေနိုင်ရန်ဖြစ်…

( ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) တွင် ပြောကြားသောအမှာစကားမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများ ထပ်မံဖြိုချဖျက်ဆီးပြီး တရားမဝင်ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် နယ်မြေခံတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ အခြေချနေထိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများကို စာမျက်နှာ ၁၀ သို့ ○

KK Park နယ်မြေအတွင်း သိမ်းဆည်းရမိသည့် ကွန်ပျူတာများအား ဖျက်ဆီးနေမှုကိုတွေ့ရစဉ်။



## ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲတွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ



ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ) အဖွင့်ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ယခုပွဲစဉ်တွင် အိမ်ရှင်ပီပီ အာဖဂန်နစ္စတန်အသင်းအား အကောင်းဆုံးယှဉ်ပြိုင်ကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် မျိုးခန့်ကျော်၊ ပွဲချိန် ၄၇ မိနစ်တွင် ရဲနိုင်အောင်၊ ပွဲချိန် ၅၉ မိနစ်တွင် စိုင်းမြတ်မင်းတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ)တွင် အာဖဂန်နစ္စတန်၊ အိုမန်၊ ဆီးရီးယား၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုအဖွင့်ပွဲစဉ်မှာပင် အနိုင်သုံးမှတ်ရယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ) ဒုတိယပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၄ ရက်တွင် နီပေါအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0

## ချင်းပြည်သစ်ကွန်ဂရက်ပါတီနှင့် ရခိုင်တိုင်းရင်းသားများပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

ချင်းပြည်သစ်ကွန်ဂရက်ပါတီနှင့် ရခိုင်တိုင်းရင်းသားများပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၇ နှင့် ၈ တို့တွင် ဖော်ပြပါရှိပါသည်။ မန္တလေးနေ့စဉ်

## အာရှဖလား ခြေစစ်ပွဲ U – 17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၆ ခုနှစ် အာရှဖလား ခြေစစ်ပွဲ U – 17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုG ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် မြန်မာ U – 17 အမျိုးသားဘောလုံးအသင်းနှင့် နီပေါ U – 17 အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

## စပိန်လာလီဂါ ပွဲစဉ်(၁၃)တွင် ဆဲလ်တာဗီဂိုနှင့် ဘာစီလိုနာတို့ နိုင်ပွဲကိုယ်စီရရှိ

မက်ဒရစ် နိုဝင်ဘာ ၂၂

စပိန်လာလီဂါ ပွဲစဉ်(၁၃)တွင် ဆဲလ်တာဗီဂိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ အသီးသီးနိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲက အလာဗက်စ်အသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆဲလ်တာဗီဂိုအသင်းက အလာဗက်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်က ဘာစီလိုနာအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက ဘီလ်ဘာအိုအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄ မိနစ်တွင် လီဝန်ဒေါ်စကီး၊ ပွဲချိန် (၄၅+၃)မိနစ်နှင့် ပွဲချိန် ၉၀ မိနစ်တွင် ဖာရန်တောရက်စ်၊ ပွဲချိန် ၄၈ မိနစ်တွင် လိုပက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

စပိန်လာလီဂါ ပွဲစဉ်(၁၃)အပြီးတွင် ဘာစီလိုနာအသင်းက ရမှတ် ၃၁ မှတ်ဖြင့် အဆင့်(၁)နေရာ၊ ဆဲလ်တာဗီဂိုအသင်းက ရမှတ် ၁၆ မှတ်ဖြင့် အဆင့်(၁၁)နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

(NGB)